၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group

Issue No. 706 APRIL 19, 2008

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

## နိုင်ငံရေးဆုံးဖြတ်ချက်များအကျုံးဝင်မည့်အစည်းအဝေး အဲန်အဲလ်ဒီခေါ်တော့မည်

**NEJ ဧပြီ ၂၀ ။ ။** ယခုလအတွင်းပြုလုပ်မည့် အဖွဲ့ချုပ် အစည်းအဝေးတွင် ထူးခြားချက်အနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များအားလုံးကိုလည်း ထည့်သွင်းဖိတ်ကြား ထားကြောင်း၊ အဲန်အဲလ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ် ဝင်းက ပြောသည်။

“အခုအစည်းအဝေးမှာ နိုင်ငံရေးအလှည့် အပြောင်းရော၊ နိုင်ငံရေးအရ အရေးကြီးတဲ့ဆုံးဖြတ် ချက်တွေရော အားလုံးအကျုံးဝင်မယ့် ဆွေးနွေးပွဲသ ဘောမျိုးဖြစ်နေပါတယ်၊ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ မျိုးကိုတော့ ကျနော်တို့ကြိုပြီးတော့လည်းမသိသလို အခုချိန်မှာလည်း ပြောလို့မဖြစ်သေးပါဘူး“ဟု ၎င်း က ပြောသည်။

အစည်းအဝေးကို ၂၈၊ ၂၉ ရက်တို့တွင် အဖွဲ့ချုပ်၌ပြုလုပ်မည်ဖြစ်ပြီး၊ တိုင်းနှင့် ပြည်နယ်အသီး သီးမှ စည်းအဖွဲ့ဝင်များနှင့် ပါတီဝင်များကို ဖိတ်ကြား ထားကြောင်း သိရသည်။

“လက်ရှိ မြန်မာနိုင်ငံရေးအခြေအနေအရ ကျနော်တို့ အရေးကြီးတဲ့ကိစ္စတွေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုထားတာရယ်၊ အဲဒီအပေါ်မှာ မူတည်ပြီးဆောင်ရွက်မယ့်ရွေးကောက်ပွဲတွေရယ် အပေါ်မှာ တိုင်းနဲ့ပြည်နယ်အဆင့်နဲ့ ဗဟိုအဆင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးဖို့ သုံးသပ်ဖို့အတွက် ဒီသဘောနဲ့ခေါ်ထားတာဖြစ်ပါတယ်“ဟုဦးဉာဏ်ဝင်း က ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အယူအဆများကို ဆွေးနွေးစဉ်းစားရန် ရည်ရွယ်သည်ဟုလည်း ၎င်းက ပြောသည်။

ယခုအခါ နိုင်ငံရေးအခင်းအကျင်းအပြောင်း အလဲများရှိနေသည့်အတွက် အဲန်အဲလ်ဒီကိုယ်စား လှယ်များ၏အနေအထားနှင့် သဘောထားခံယူချက် ကို အစည်းအဝေးတွင် အကြံဉာဏ်တောင်းခံရဖြစ် သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ဦးဟံသာမြင့်က ဆို သည်။ “အဖွဲ့ချုပ်ရဲ့မူဝါဒတွေကို ပြောင်းဖို့မဟုတ်ပါ ဘူး၊ ဖြစ်လာမယ့်အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့အပေါ်မှာ တစုံ တရာအပြောင်းအလဲ ရှိချင်ရင်လည်းရှိမှာပေါ့၊ အခု အချိန်မှာတော့ ဘယ်လိုမှ မပြောနိုင်ဘူးခင်ဗျ” ဟု ၎င်းက ပြောသည်။

ဆက်လက်ပြီး “လူထုရဲ့မျှော်လင့်ချက်အား ကိုးမှုတွေကို အလဟဿဖြစ်မသွားအောင်လို့ လုပ်ပေးရမယ့်တာဝန်ရှိတယ်ဆိုတာကတော့ အကုန် လုံးက သဘောပေါက်ပါတယ်၊ ဒါကို တကယ်လက် တွေ့အကောင်အထည်ဖော် ဘယ်လိုလုပ်ကြမလဲဆို တာကို အခုဆွေးနွေးပွဲမှာ ဆွေးနွေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။

**စာမျက်နှာ ၅ သို့**

## လူထုပူးပေါင်းပါဝင်ရန် ၈၈ မျိုးဆက်မှ ပန်ကြား

**DVB ဧပြီ ၁၇ ။ ။** မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်ပေါ်ဖို့ လူထုအနေနဲ့ ပူးပေါင်းပါဝင်ကြပါဆိုပြီး ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ဒီကနေ့ နှစ်သစ်ကူး ပန်ကြားလွှာတစောင်ထုတ်ပြီး လူထုကိုပန်ကြား လိုက်ပါ တယ်။

ဒီကနေ့ တိုင်းပြည်မှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဘက်ပေါင်းစုံတည် ငြိမ်မှုမရှိပဲ ဆုတ်ယုတ်ပျက်ပြား နေတာကြောင့် ဒီအခြေအနေဆိုးကနေလွတ်မြောက်ပြီး ကောင်းမွန်တဲ့အပြောင်းအလဲတွေဖြစ်ပေါ်စေဖို့ ပြည်သူ လူထုတရပ်လုံးက လိုလားတောင့်တနေတယ်လို့ ယုံကြည်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားပန်ကြားလွှာမှာ ဖော်ပြထားပါတယ်။

နိုင်ငံတခု ပြောင်းလဲတိုးတက်ရေးအတွက် လူထုအခန်းကဏ္ဍ အလွန်အရေးကြီးကြောင်း၊ လူတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရှိတာနဲ့အညီ မြန်မာနိုင်ငံအပြောင်းအလဲဖြစ်ပေါ်ရေးအတွက် နိုးကြားတဲ့ စိတ်ဓာတ်နဲ့ တာဝန်ယူဆောင် ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းနှိုးဆော်ထားပါတယ်။

တိုင်းပြည်အပြောင်းအလဲကို ထိထိရောက်ရောက်ဖန်တီးရယူနိုင်မယ့် အင်အားအစစ်မှာ ပြည်သူလူထု ရဲ့ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း ဒါကြောင့် မတရားမှု၊ အနိုင်ကျင့်မှုတွေကို ခေါင်းငုံ့မခံပဲ ဆန့်ကျင်တွန်းလှန်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် အရေးကြီးတဲ့အချိန်ကိုရောက်နေပြီဖြစ်ကြောင်း နှစ်ဆန်းတရက်နေ့ ထုတ်ပြန်ထားတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ရဲ့ နှစ်သစ်ကူးပန်ကြားလွှာမှာ ဖော်ပြထားပါတယ်။

| | | | | |
|---|---|---|---|---|
| ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်တိုက်တွန်း | ရုပ်ရှင်သရုပ်ဆောင် ကျော်သူ ပြည်သူ့ ဘက်သားအနုပညာသမား ဆုချီးမြှင့်ခံရ | မွန်တိုင်းသင့်ဒေသတွင် အိမ်ခွန်များ တိုးမြှင့်ကောက်ခံလျက်ရှိ | ထောင်ဆေးမှူးကုသမှုများ၍ ပစုစုနွေးကျန်းမာရေး အခြေအနေဆိုးဝါး | ၁၂ နှစ်အောက် ကလေးငယ်များကို နည်းအမျိုးမျိုးနှင့် နအဖဖမ်းဆီး |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၃** | **စာမျက်နှာ ၁၆** |

## VOB အာဘော်

# "လူထုနှင့်တိုင်းပြည်၏အနာဂတ်"

မြန်မာပြည်တွင်းနိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားအရေးအခြေအနေများနှင့် မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းအကြား ဖြစ်ပျက်နေသောအခြေအနေများအရ နိုင်ငံရေးအလှည့်အပြောင်းတခုနှင့်ကြုံရတော့မည့်အခြေဆိုက်နေပြီဖြစ်သည်။

အာဏာရှင်စစ်အုပ်စုက နှစ် ၂၀ ကျော်ကြာ တရားမဝင်အာဏာချုပ်ကိုင်ထားမှုကို တရားဝင်ချုပ်ကိုင်နိုင်သည့်အနေအထားဖြစ်လာရေးအတွက် ၂၀၁၀ တွင် ရွေးကောက်ပွဲကို ကျင်းပရန်စိုင်းပြင်းသည်။ ထိုရွေးကောက်ပွဲသည် နအဖစစ်အာဏာရှင်များအတွက် အသက်တမျှအရေးကြီးသည်။ အကြောင်းမှုကား ၎င်းတို့ဩဇာအရှိန်အဝါဆက်လက်လွှမ်းမိုးထားနိုင်ရေးကို အာမခံချက်ရှိစေမည်ဖြစ်သောကြောင့်တည်း။ ထို့အတွက် ၂၀၁၀ ရွေးကောက်ပွဲတွင် ၎င်းတို့အလိုရှိသောရုပ်သေးများ အမတ်ဖြစ်ပြီး အစိုးရဖွဲ့စည်းနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေသည်။

ရွေးကောက်ပွဲဖြစ်မှသာ ၂၀၀၈ အခြေခံဥပဒေကို ရွေးချယ်ခံအမတ်များက လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ထိုအခြေအနေက လက်ရှိစစ်အာဏာရှင်များအတွက် အကျိုးရှိစေမည်ဖြစ်သည်။ ပြည်သူလူထုမှာမူ ယနေ့ကြုံတွေ့ခံစားနေရသည်များထက် ပိုမိုဆိုးရွားမှုများကို ရင်ဆိုင်ရဖို့ရာရှိသည်။ အလားတူပင် ဒီမိုကရေစီအင်အားစုများသည်လည်း ပြည်သူလူထုနှင့်အတူ စစ်ဘိနပ်အောက်တွင် ပြားပြားဝပ်ရမည့်အခြေဆိုက်ဖွယ်ရှိသည်။ ထိုအရေးကိုကြုံတွေ့၍ ဒီမိုကရေစီအင်အားစုအားလုံးသည် ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို လုံးဝလက်မခံကြောင်းနှင့် ပြင်ဆင်မှုများပြုလုပ်ရေးကို တခဲနက်အင်တိုက်အားတိုက်လှုပ်ရှားတောင်းဆိုရန် လိုအပ်နေပြီဖြစ်သည်။ မြန်မာပြည်သူများ၏ အနာဂတ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မူတည်နေသည်။

၂၀၁၀ ရွေးကောက်ပွဲ မည်မျှပင် လွတ်လပ်၍ တရားမျှတစေကာမူ ရွေးကောက်ခံအမတ်များသည် ကာကွယ်ရေးဦးစီးချုပ်က အရေးပေါ်အခြေအနေကြေညာ၍ အာဏာသိမ်းခွင့်ပေးထားသည့်အခြေခံဥပဒေကို အကောင်အထည်ဖော်ရန်မှတပါး အခြားမရှိပေ။ အခြေခံဥပဒေပါအချက်များကို ၇၅ ရာခိုင်နှုန်းကျော်ရှိမှ ပြုပြင်၍ရမည်ဆိုသည်ကို အတိအလင်းဖော်ပြထားသည့်အတွက် စစ်တပ်က လွှတ်တော်အမတ်နေရာ ၂၅ ရာခိုင်နှုန်းကို ရယူထားသောအခြေအနေမျိုးတွင် မြန်မာပြည်သူများအနေဖြင့် ၎င်းတို့၏ဆန္ဒ မည်သည့်အခါမှ ပြည့်ဝလာမည်မဟုတ်ပေ၊ တနည်းဆိုရလျှင်စစ်မှန်သောဒီမိုကရေစီထွန်းကားရေးဆိုသည်မှာ ဝေးကွာလှသည့်ခရီးဖြစ်ပေလိမ့်မည်။ စစ်တပ်ကြီးစိုးသော အတုအယောင်ဒီမိုကရေစီသာဖြစ်ထွန်းပေးလိမ့်မည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီမျက်နှာစုံညီအစည်းအဝေးတရပ်ကို လာမည့်သီတင်းပတ်အတွင်းပြုလုပ်ရန်စီစဉ်ထားသည်၊ အရေးကြီးသည့် နိုင်ငံရေးဆုံးဖြတ်ချက်များကို ချမှတ်ရတော့မည်ဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မြန်မာ့ဒီမိုကရေစီအင်အားစုများအနေဖြင့် နအဖ၏အခြေခံဥပဒေ အသက်မဝင်သေးမီကာလအတွင်း ထိုအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲမှုများဖြစ်လာစေရန် ဝိုင်းဝန်းလုပ်ဆောင်ရန်လိုအပ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး နှစ်သစ်ကူးဆုတောင်းပွဲများကျင်းပ

**RFA ၊ ဧပြီ ၁၇ ။** ။ နှစ်ဆန်းတရက်နေ့ဖြစ်တဲ့ ဒီကနေ့မှာ မန္တလေးတိုင်း မိတ္ထီလာမြို့၊ ပဲခူးတိုင်း ပဲခူးမြို့ နဲ့ ရန်ကုန်တိုင်းက အင်္ဂါနေ့တိုင်း နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲပြုလုပ်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေက သက်ကြီးပူဇော်ပွဲနဲ့ ငါးလွှတ်ပွဲတွေကို ပြုလုပ်ခဲ့ပါတယ်။

မိတ္ထီလာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေက သက်ကြီးပူဇော်ပွဲလုပ်ခဲ့တာနဲ့ပတ်သက်ပြီး မိတ္ထီလာအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေး က RFA ကို ပြောပြပါတယ်။

"ကျမတို့က ဆင်းရဲတဲ့သူတွေကို အဓိကထားတယ်၊ ဘေးပတ်ဝန်းကျင်က ရွာတွေလည်းပါတာပေါ့။ အဖိုး ၃၀ နဲ့ အဖွား ၈၅ ယောက် အားလုံး ၁၁၅ ယောက်ကို ပူဇော်ကန်တော့နိုင်ခဲ့တယ်၊ တယောက်ကို အင်္ကျီတဝတ်စာ ငွေ ၃၀၀၀ နဲ့ တယောက်ကို ဆန် ၂ ပြည်၊ လိမ်းဆေးတဘူးနဲ့ ဆပ်ပြာမှုန့် စသဖြင့်ပေါ့လေ။ ကျွေးမွေးညှော်ခံပြီး လိုက်ပို့တာကအစ ကျမတို့အဖွဲ့ဝင်တွေက လုပ်ကြတယ်၊ အုတ်ကျင်းကျောင်းဆရာတော် ဦးဓမ္မိက ကနေပြီး တရားချီးမြှင့်ပေးတယ်၊ သူဟောတဲ့အထဲမှာတော့ လူကြီးဆိုတာ ၂ မျိုးရှိတယ်တဲ့၊ အလုပ်မလုပ်ပဲနဲ့ အခွင့်အရေးအများကြီးယူတဲ့လူကြီးနဲ့ လူငယ်တွေထက်အလုပ်ပိုလုပ်တဲ့လူကြီးဆိုပြီး ၂ စားခွဲပြပြီးတော့ဟောတယ်၊ ဝိသုဒ္ဓါရုံစံကင်းဆရာတော်က လူကြီးတွေဆိုတာ ကိုယ့်မြေးတွေကို မျက်နှာသာဖြစ်အောင် မဆုံးမပဲ ပစ်ထားတော့ သူတို့အလိုကျနေရတော့ မကောင်းတဲ့ အကြောင်းတွေပေါ့။ တကယ်တော့ လူငယ်တွေကို အမှန်တရားဘက်က ရပ်တည်နိုင်အောင် ရပ်တည်ရဲအောင်၊ ရပ်တည်ပါ၊ ရပ်တည်တတ်အောင် သင်ကြားပေးပါဆိုတဲ့ စကားနဲ့ အဆုံးသတ်သွားတယ်"

မိတ္ထီလာ သက်ကြီးပူဇော်ပွဲမှာ အာဏာပိုင်တွေဘက်က သူတို့လည်း သက်ကြီးပူဇော်ပွဲလုပ်တယ်ဆိုပြီး အောင်ဇေယျာ ရပ်ကွက်က အဖိုးအဖွားတချို့ကို အရင်ခေါ်သွားတယ်လို့ ပြောပါတယ်။ အခမ်းအနားလုပ်နေတုန်းမှာလည်း အလှူခံတွန်းလှည်းတခုနဲ့ အသံချဲ့စက်ကိုလာဖွင့်တာကလွဲလို့ တခြားအနှောင့်အယှက်တော့ မရှိဘူးလို့ သိရပါတယ်။

ပဲခူးတိုင်း ပဲခူးမြို့မှာတော့ အဲန်အဲလ်ဒီအဖွဲ့ဝင်တွေက သက်ကြီးပူဇော်ပွဲလုပ်ခဲ့ပြီး နိုင်ငံရေး ဆွေးနွေးပွဲတရပ်ပြုလုပ်နိုင်ခဲ့တယ်လို့ ရှေ့နေ ဦးအေးမြင့်က ပြောပါတယ်။

"သက်ကြီးပူဇော်ပွဲပေါ့၊ အသက် ၆၀ ကျော်နဲ့ ၇၀ ကျော်အကြား သက်ကြီးရွယ်အို ၄ ဦးပဲ တက်နိုင်ပါတယ်။ ကျန်းမာရေးမကောင်းလို့ မတက်နိုင်တော့ အိမ်တိုင်ယာရောက် သွားကန်တော့တယ်၊ အဲဒီလိုကန်တော့တဲ့အထဲမှာ ကျနော်တို့ အဲန်အဲလ်ဒီအဖွဲ့ဝင်တင်မဟုတ်ဘူး၊ တခြားစိတ်ဝင်စားတဲ့ပဲခူးမြို့ပေါ်က လူတွေကိုလည်း ဖိတ်တယ်၊ လူ အစိတ်လောက်တက်တယ်၊ လူငယ်တွေရဲ့ အမြင်၊ လူကြီးတွေရဲ့အမြင်နဲ့ သက်ကြီးပူဇော်ပွဲကို လုပ်တယ်၊ လူကြီးတွေရဲ့ ဆုံးမသြဝါဒစကားကို နားထောင်ရင်းနဲ့ ဆွေးနွေးပွဲလေးဖြစ်သွားတယ်ပေါ့"

နယ်မြေခံအာဏာပိုင်တွေအနေနဲ့ တားဆီးမှု၊ စောင့်ကြည့်မှုတွေရှိသေးလားလို့ မေးကြည့်ခဲ့တဲ့အခါ ဦးအေးမြင့်က

"ဒီနေ့အခမ်းအနားကို စောင့်ကြည့်တာတို့ နှောင့်ယှက်တာတို့မရှိဘူး၊ စရဖ တို့ အက်စ်ဘီတို့ နယ်မြေခံလုံခြုံရေးတွေကတော့ အနှောင့်အယှက်မပေးဘူး၊ သူတို့ကိုလည်း အကြောင်းကြားတယ်၊ ဘယ်အချိန်စတယ်၊ ဘယ်အချိန်ပြီးတယ်၊ ဘယ်နှစ်ယောက်တက်တယ်ဆိုတာပေါ့၊ ဘာပြောတယ်ဆိုတာကိုတော့ သူတို့ လာနားမထောင်ဘူး"

**တဘက်သို့**

# ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်တိုက်တွန်း

**RFA ၊ ဧပြီ ၁၇ ။** ။ အမျိုးသားရင်ကြားစေရေး အရိပ်လက္ခဏာတရပ်နေနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားရာက လာမယ့်လမှာ ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်သမ္မတ Gloria Arroyo က နအဖစစ်အုပ်စုကို တိုက်တွန်းလိုက်ပါတယ်။

နအဖစစ်အုပ်စု ဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်နဲ့ ပြီးခဲ့တဲ့ သတင်းပတ်မှာ တွေ့ဆုံချိန်က အခုလို မေတ္တာရပ်ခံလိုက်တာလို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၁၇ ရက် ဒီကနေ့ထုတ်ပြန်လိုက်ကြောင်း ကြေညာချက်မှာ ပါရှိပါတယ်။ ထိုင်းနိုင်ငံဆန္ဒပြပွဲတွေကြောင့် မကျင်းပဖြစ်လိုက်တဲ့ အာဆီယံ အရှေ့တောင်အာရှ နိုင်ငံများအသင်း ထိပ်သီးဆွေးနွေးပွဲရဲ့ ပြင်ပမှာလုပ်တဲ့ ဆွေးနွေးပွဲမှာ တိုက်တွန်းလိုက်တာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းထားတဲ့ သက်တမ်း ထပ်တိုးထားတာ ရှေ့လာမယ့် မေလမှာ ကုန်ဆုံးသွားတဲ့အခါ သူမကို ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်သမ္မတက တိုက်တွန်းတဲ့အကြောင်း၊ ဒီလိုလွှတ်ပေးတာဟာ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံအတွက် အလွန်အမင်း မျက်နှာပန်းလှစေမှာဖြစ်တယ်လို့ ပြောတဲ့အကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အမျိုးသားရင်ကြားစေ့ရေးနဲ့ ညီညွတ်ရေးစိတ်ဓာတ်တို့နဲ့ အတိုက်အခံကို သူ ချဉ်းကပ်တဲ့နည်းအတိုင်း လိုက်ခံလုပ်ဆောင်တာမျိုးကို နအဖစစ်အုပ်စုအနေနဲ့စဉ်းစားဖို့ Gloria Arroyo က အကြံပေးတိုက်တွန်းတယ်လို့ဆိုပါတယ်။ အိမ်နီးချင်းနိုင်ငံတနိုင်ငံအနေနဲ့ ဖိလစ်ပိုင်နိုင်ငံဟာ မြန်မာပြည်သူတွေနဲ့ ရင်ထဲက လိုက်လိုက်လှဲလှဲ ချစ်ကြည်ရင်းနှီးပါကြောင်း မိမိတို့နှလုံးသားမှာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကောင်းစားရေးသာ ကိန်းဝပ်နေပါကြောင်း၊ သူ့အတွေ့အကြုံကို ဝေမျှပြီး အကောင်းဆုံးအကြံဉာဏ်ကို ပေးနိုင်ပါတယ်လို့ Ms.Arroyo က ဗိုလ်ချုပ်သိန်းစိန်ကို ပြောကြားခဲ့တယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

Ms.Arroyo ကိုယ်တိုင် အာဏာသိမ်းဖို့ကြိုးပမ်းတာ လေးကြိမ်လေးခါနဲ့ ကျင့်ဝတ်သိက္ခာနဲ့ နွယ်ပြီး အမှုသုံးကြိမ်ရင်ဆိုင်ရတဲ့ အတွေ့အကြုံရှိသူဖြစ်ပါတယ်။ Ms.Arroyo က ဒီလိုပြောကြားတာကို ဗိုလ်ချုပ်သိန်းစိန်က တန်ဖိုးထားလေးစားပြီး ထည့်သွင်းစဉ်းစားပါမယ့်အကြောင်း ပြန်လည်ပြောကြားတယ်လို့ ဆိုပါတယ်။

ဒီမိုကရေစီရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး အစီအစဉ်တွေကို နအဖစစ်အုပ်စုအနေနဲ့ တာဝန်သိသိ ဆောင်ရွက်နေတယ်ပြောပြီး၊ လွန်ခဲ့တဲ့နှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုရေး ဆန္ဒခံယူပွဲဟာ အရေးပါတဲ့ ပထမခြေလှမ်းတရပ်ဖြစ်တယ်၊ နအဖစစ်အုပ်စုဟာ လာမယ့်နှစ်မှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်နေတယ်လို့ ဗိုလ်ချုပ်သိန်းစိန်က ဆက်လက်ပြောကြားတယ်လို့ ကြေညာချက်မှာဖော်ပြပါတယ်။ ဗိုလ်ချုပ်သိန်းစိန်ပြောတဲ့ အခြေခံဥပဒေဟာ စစ်အုပ်စု စိတ်ကြိုက်ရေးဆွဲထားတာလို့ အတိုက်အခံတွေက ပြောကြားထားပါတယ်။

---

# စစ်အုပ်စုကို ဖိအားပေးဖို့ အမျိုးသမီး အမတ်များ ကုလကို တိုက်တွန်း

**VOA ၊ ဧပြီ ၁၅ ။** ။ အမေရိကန်အထက်လွှတ်တော် အမျိုးသမီးအမတ် ၁၀ ယောက်က မြန်မာပြည်ကို အုပ်စိုးနေတဲ့ စစ်အုပ်စုအပေါ် ပိုမိုဖိအားပေးပါလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို တိုက်တွန်းလိုက်ပါတယ်။

မြန်မာ့အရေးဆောင်ရွက်နေတဲ့ အထက်လွှတ်တော်အမျိုးသမီးများအဖွဲ့ထဲမှာ ပါဝင်ကြတဲ့ အဲဒီအမျိုးသမီး ၁၀ ယောက်က စစ်အုပ်စုကို သူတို့စီစဉ်ထားတဲ့ ရွေးကောက်ပွဲအစီအစဉ်များ ပယ်ဖျက်ပေးဖို့ လုပ်ဆောင်ပေးပါ။ မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်နေတာတွေ ရပ်သွားရေး၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရေး၊ စစ်အုပ်စုကို ဖိအားပေး ဆောင်ရွက်ပေးပါလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) ထံစာရေးအတိုက်တွန်းခဲ့ပါတယ်။

အင်္ဂါနေ့မှာ ထုတ်ပြန်လိုက်တဲ့ အမေရိကန်အထက်လွှတ်တော် အမျိုးသမီးအမတ် ၁၀ ယောက်ရဲ့ စာထဲမှာ မြန်မာပြည်က စစ်ပွဲအကြောင်းပြု မုဒိမ်းကျင့်နေမှုများ ပပျောက်သွားဖို့လိုအပ်ပုံကိုလည်း ထည့်သွင်းထောက်ပြထားပါတယ်။

မြန်မာပြည်မှာစစ်အုပ်စုက သူတို့နဲ့ နည်းနည်းလေး သဘောထားကွဲလွဲတာနဲ့ သည်းမခံပဲ ဝေဖန်တယ်ထင်လို့လူတွေ ထောင်နဲ့ချီတာ ထောင်သွင်းအကျဉ်းချထားပါတယ်။ သူတို့ကိုယ်တိုင် ကျင်းပပေးခဲ့တဲ့ ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိခဲ့ပေမယ့် အာဏာလွှဲမပေးပဲ စစ်တပ်ကပဲ ဆက်ယူထားပါတယ်။

အနောက်တိုင်းခေါင်းဆောင်များက စစ်အုပ်စုရဲ့ လက်ရှိဖွဲ့စည်းပုံသစ်ကိုရော ရှေ့နှစ်မှာ လုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲကိုပါ စစ်တပ်အာဏာတည်မြဲရေးအတွက် လုပ်ဆောင်တာဖြစ်တယ်ဆိုပြီး ပြစ်တင်ရှုတ်ချထားပါတယ်။

အမေရိကန်အထက်လွှတ်တော် အမျိုးသမီး အမတ် ၁၀ ယောက်ထံက မြန်မာစစ်အုပ်စုအပေါ် တိုးပြီးဖိအားပေးဖို့ တိုက်တွန်းတဲ့စာတစောင် ရရှိတယ်လို့ ကုလသမဂ္ဂ မစ္စတာဘန်ကီမွန်းက ဆိုပါတယ်။

မြန်မာပြည်မှာ နေအိမ်အကျယ်ချုပ်အကျခံနေရတဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် အမေရိကန်အထက်လွှတ်တော်အမတ်များနည်းတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း စိုးရိမ်ပူပန်ပါကြောင်း မြန်မာပြည်မှာ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရေး ဘန်ကီမွန်းက ဆက်လက်ဖိအားပေးသွားမယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ဗုဒ္ဓဟူးနေ့က ပြောသွားပါတယ်။

---

**တဘက်မှ**

ရန်ကုန်တိုင်း အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေကလည်း အဖွဲ့ချုပ်ရုံးရှေ့မှာ သံဃာတော်တွေကို ဆွမ်းလှူလောင်းပွဲပြုလုပ်ခဲ့ပြီး အင်းယားကန်မှာ ငါးလွှတ်ပွဲပြုလုပ်ခဲ့တယ်လို့ ဒီလှုပ်ရှားမှုကိုဦးဆောင်တဲ့ နော်အုန်းလှက ပြောပါတယ်။

“ဆွမ်းလောင်းပြီးတော့ ဆယ်နာရီ ဆယ်မိနစ်မှာ ငါးလွှတ်တယ်၊ အင်းယားကန်မှာ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးလွှတ်မြောက်ပါစေပေါ့၊ နှောင့်ယှက်တာတော့ မရှိဘူး၊ ဒါပေမဲ့ စောင့်တာတော့ ရှိတာပေါ့နော်၊ ကျမတို့အားလုံး ၃၀ ကျော်ရှိတော့ သူတို့ကလည်း အားလုံး ၃၀ ကျော်ရှိမယ်၊ ဓာတ်ပုံရိုက်တာတော့ရှိတယ်၊ သူတို့လာ မမေးပါဘူး“

နော်အုန်းလှက အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းပွဲလုပ်နေတဲ့အဖွဲ့ဝင်တွေကိုယ်စား မြန်မာပြည်သူတွေကို နှစ်သစ်ကူးဆုတောင်းအနေနဲ့ အခုလိုပြောပါတယ်။

“အင်္ဂါမိသားစုအနေနဲ့ ပြောရရင်တော့ ၂၀၀၉ နှစ်သစ်မှာ ပြည်သူတွေ လွတ်လပ်ပျော်ရွှင်စွာနေစေချင်တယ်၊ မတရားဖမ်းဆီးခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွှတ်မြောက်စေချင်တယ်၊ အားလုံးကိုလည်း လွတ်လွတ်လပ်လပ်ဖြစ်စေချင်တယ်”

ပြီးခဲ့တဲ့အင်္ဂါနေ့က အကြိမ် ၂၅၀ မြောက် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆုတောင်းပွဲအတွက် စမ်းချောင်းမြို့နယ်က ရှမ်းမြောက်ကျောင်းဘုန်းကြီးကျောင်းမှာ လျှောက်ထားခဲ့ပြီး ခွင့်ပြုခဲ့ပေမဲ့ ၃ ရက်အလိုမှာတော့ ဆရာတော်က ပြုလုပ်ခွင့်ကို ရုပ်သိမ်းသွားတယ်လို့ ပြောပါတယ်။

# "ရှမ်းပြည်က ဘိန်းလုပ်ငန်း"

**ဦးအောင်ခင်**

**မျက်မှောက်ရေးရာသုံးသပ်ချက်**

တရုတ်မြန်မာနယ်စပ်တွေဖြစ်တဲ့ အထူးဒေသ ၁ ကိုးကန့်နယ်မြေ၊ အထူးဒေသ ၂ ဝ နယ်မြေ နဲ့ အထူးဒေသ ၄ မိုင်းလားမှာ ၁၉၉၅ ခုနှစ်ကတည်းက ဘိန်းစိုက်ပျိုးမှု ပိတ်ပင်ထားပါတယ်။ ဒါပေမဲ့ တခြားဒေသတွေမှာ ဘိန်းစိုက်ပျိုးကြတဲ့အတွက်လွန်ခဲ့တဲ့နှစ်ကထက် ဘိန်းအထွက်တိုးခဲ့တယ်လို့ ကုလသမဂ္ဂမူးယစ်ဆေးဌာနက ဆိုပါတယ်။ ရှမ်းပြည်နယ်အရှေ့တောင်ပိုင်းမြို့နယ် ၇ မြို့နယ်ကို စစ်တမ်းကောက်တဲ့အခါမှာ ဘိန်းစိုက်တဲ့ဧရိယာပိုမိုကျယ်ပြန့်လာတယ်လို့ LNDO လာဟူအမျိုးသားတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ရဲ့ပြေလထုတ် Undercurrent အင်္ဂလိပ်စာစောင်မှာ ဖော်ပြထားပါတယ်။

ကျိုင်းတုံ၊ မိုင်းပြင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်နဲ့ မိုင်းယောင်း မြို့နယ်တွေမှာ လာဟူအဖွဲ့က စစ်တမ်းကောက်ယူတာဖြစ်ပါတယ်။ မိုင်းပြင်းကနေ ထိုင်းနယ်စပ်အထိဖြစ်တဲ့ ဝ သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ကြီးစိုးရာတလျှောက်မှာ ဘိန်းခင်းတွေတိုးပွားလာတာတွေ့ရပါတယ်တဲ့၊ တာချီလိတ်နဲ့ ကျိုင်းတုံကြားက မိုင်းဖြတ်နယ်မြေမှာဆိုရင် ငါးရက်ဈေးမှာ ဘိန်းကို လိုချင်သလောက်ဝယ်နိုင်တယ်လို့ ဆိုပါတယ်။ ဆက်ကြေးအဖြစ် တအိမ် ဘိန်း ၅ ကျပ်သား အာဏာပိုင်တွေကို ပေးလိုက်ရင်ပြီးတာပဲလို့ ဒေသခံတွေက ပြောပါတယ်။ သူကြီး ဒါမှမဟုတ် ပြည်သူ့စစ်ခေါင်းဆောင်က တအိမ် ဘိန်း ၂ ကျပ်သားကောက်ပြီး ဗမာစစ်တပ် ဒါမှမဟုတ် မြို့အာဏာပိုင်တွေလက်ထဲ ထည့်ရပါတယ်။

၂၀၀၈ မေလ ကလုပ်တဲ့ အခြေခံဥပဒေပြည်သူ့ဆန္ဒခံယူပွဲနောက်ပိုင်းမှာ အစိုးရအာဏာပိုင်တွေဟာ အရင်ကလို စစ်ဆေးမေးမြန်းတာတွေမလုပ်တော့ပဲ ဆက်ကြေးယူပြီး တိတ်တိတ်ဆိတ်ဆိတ်နေကြပါတယ်တဲ့၊ ဘိန်းစိုက်ပျိုးသူတွေဟာ ဒေသခံလက်နက်ကိုင်အဖွဲ့က ခွင့်ပြုထားသူထံကိုသာ ရောင်းနိုင်ပါတယ်။ ကိုယ့်စိတ်ကြိုက် ရောင်းပိုင်ခွင့်မရှိပါဘူး။ ရှမ်းပြည်နယ် အရှေ့တောင်ပိုင်းမှာ ဘိန်းရောင်းဝယ်နိုင်တဲ့ဒေသ ၃ ခုရှိပါတယ်။ မိုင်းပြင်းနဲ့ မိုင်းဆတ်ကြားက ဘိန်းစိုက်သူတွေဟာ ဒေသခံလားဟူပြည်သူ့စစ်ခေါင်းဆောင်က ခွင့်ပြုထားသူတွေထံကိုသာ ရောင်းနိုင်ပါတယ်။ မိုင်းဆတ်နဲ့ မိုင်းတုံကြားက ဘိန်းစိုက်သူတွေဟာ ဝ သွေးစည်းညီညွတ်ရေးတပ်ရဲ့ တပ်ရင်း ၂၁၄ ရဲ့ ခွင့်ပြုချက်ရမှ ရောင်းနိုင်ပါတယ်။ မိုင်းတုံနဲ့ ထိုင်းနယ်စပ်ကြားက ဘိန်းစိုက်သူတွေဟာ ဝ တပ်ရင်း ၁၇၁ ရဲ့ခွင့်ပြုချက်ရယူဖို့ လိုပါတယ်။ ခွင့်ပြုချက်မရပဲ ရောင်းသူဟာ ကြီးလေးတဲ့အပြစ်ဒဏ်ကို ခံရပါတယ်။

ရာသီမရွေး ဘိန်းစိုက်ပျိုးနိုင်တာဟာ အထွက်တိုးတဲ့အကြောင်းရင်းတခုဖြစ်ပါတယ်။ လုပ်ရိုးလုပ်စဉ်ကတော့ နိုဝင်ဘာမှာ ဘိန်းစိုက်ပြီး ဇန်နဝါရီမှာ ဘိန်းစေးထုတ်ပါတယ်။ တချို့နေရာမှာ စက်တင်ဘာမှာစိုက်ပြီး နိုဝင်ဘာမှာ ဘိန်းစေးထုတ်ပါတယ်။ ဘိန်းပင်ဟာ မိုးဒဏ်မခံနိုင်တဲ့အတွက် မိုးလွတ်တဲ့ရာသီမှာ ဘိန်းစိုက်ရပါတယ်။ အခုတော့ မိုးရာသီမှာရော မြေပြန့်မှာပါစိုက်လို့ရတဲ့ ဘိန်းမျိုးစေ့ကို ထိုင်းကရလို့ အချိန်မရွေး ဘိန်းစိုက်နိုင်ပြီလို့ ဆိုပါတယ်။ လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလ စောစောပိုင်းက ထိုင်ဝမ်ကလာတဲ့ ဘိန်းမှောင်ခိုနှစ်ဦးက ထိုင်းနိုင်ငံ ဖူးကက်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ သူတို့နဲ့အတူ ဘိန်းဖြူတွေ မိသွားတာကိုကြည့်ရင် အရင်လမ်းဟောင်းအတိုင်း ထိုင်းနိုင်ငံကနေတဆင့် ထိုင်ဝမ် ဟောင်ကောင်နဲ့ တရုတ်ပြည်ကို ဘိန်းဖြူခိုးသွင်းနေတာကို သိနိုင်ပါတယ်။

ဘိန်းဘုရင်ခွန်ဆာရဲ့အဖွဲ့က စစ်ခေါင်းဆောင် စိုင်းနော်ခမ်း ဟာ တာချီလိတ်မှာအခြေစိုက်ပြီး မူးယစ်ဆေးရောင်းဝယ်နေတာ ကြာနေပါပြီ၊ သူ့အိမ်ဟာ မြို့တော်ခန်းမနဲ့ကပ်နေပြီး ထောက်လှမ်းရေးရုံးနဲ့ မီတာ ၁၀၀ ပဲဝေးပါတယ်။ ၂၀၀၆ မှာ မူးယစ်ဆေးတိုက်ဖျက်ရေးအခမ်းအနားလုပ်ဖို့ လုံခြုံရေးအတွက် အနီးအနားက အဆောက်အဦတွေကို စစ်ဆေးတော့ စိုင်းနော်ခမ်းရဲ့ အိမ်မှာ စိတ်ကြွဆေးလုပ်တဲ့စက်နဲ့ ဆေးပြား ဖ သိန်း ဘိန်းဖြူ ကီလို ၈၀ တွေ့ခဲ့ရပါတယ်။ စိုင်းနော်ခမ်းဟာ လာအိုကို ထွက်ပြေးသွားပါတယ်။

စိုင်းနော်ခမ်းက တာချီလိတ်ထောက်လှမ်းရေးကို လစဉ် ဘတ် ၂ သန်း ဆက်ကြေးပေးပြီး မူးယစ်ဆေး ရောင်းဝယ်နေတဲ့သူပါ။ သူ့လိုပဲ ထောက်လှမ်းရေးကို ဆက်ကြေးပေးပြီး ဘိန်းမှောင်ခိုလုပ်သူတွေ အများကြီးရှိပါတယ်။ အဲဒီအထဲ ၂၀၀၅ မှာ အမျိုးသားညီလာခံတက်လိုက်ရတဲ့ ရောန ဆိုသူ လားဟူတယောက်လည်းပါဝင်ပါတယ်။ ညီလာခံတက်နေတုန်းကွယ်လွန်သွားတာပါ။ ရောန ဟာ ဘိန်းစွဲနေတဲ့ ဘိန်းမှောင်ခိုဖြစ်လို့ ညီလာခံမှာ ဘိန်းမရတဲ့အတွက် ကွယ်လွန်တာဖြစ်နိုင်ပါတယ်။

တာချီလိတ်က လားဟူပြည်သူ့စစ်ခေါင်းဆောင် မားကူ ဟာ ဗမာထောက်လှမ်းရေးကို လစဉ် ဘတ် တသိန်းဆက်ကြေးပေးပြီး မူးယစ်ဆေးမှောင်ခိုလုပ်နေပေမဲ့ စိတ်ကြွဆေးနဲ့ သေနတ်ကိုင်ဆောင်မှုကြောင့် ထောင်ကျသွားပါတယ်။ ဝေစုမတည့်ရင် ထောင်ကျတတ်တယ်လို့ ဆိုပါတယ်။

မြန်မာပြည်မှာ မူးယစ်ဆေးတိုက်ဖျက်ရေးမအောင်မြင်တာ တာဝန်ရှိသူ ဗိုလ်ချုပ်တွေကိုယ်တိုင် ဘိန်းမှောင်ခိုတွေနဲ့ ရောထွေးယှက်တင်ဖြစ်ပြီး ကိုယ်ကျိုးရှာနေကြလို့ဖြစ်တယ်လို့ ပြောကြပါတယ်။ နာမည်ကြီးဘိန်းမှောင်ခိုတွေဖြစ်တဲ့ လော်စစ်ဟန်၊ လီမင်ရှန် နဲ့ ဝေဆုကိုင် တို့ဟာ အစိုးရစောင့်ရှောက်မှုကို ခံယူရင်း တရားဝင်စီးပွားရေးလုပ်ကိုင်နေကြပါတယ်။ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကရတဲ့ ငွေမဲတွေနဲ့ ကုမ္ပဏီထောင်ပြီး တရားဝင်စီးပွားရေးလုပ်နေကြပါတယ်။ ဝေဆုကိုင်ဟာ ဟိုပန်အုပ်စု အမည်ခံပြီး တရားဝင်စီးပွားရေးလုပ်နေတာကြာနေပါပြီ၊ တဘက်ကလည်း မူးယစ်ဆေးမှောင်ခိုလုပ်နေပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်ကစပြီး ဗမာစစ်အစိုးရ မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်လာတာပါ။ တရုတ်အစိုးရ ဖိအားပေးလွန်းလို့ တရုတ်မြန်မာနယ်စပ်ဒေသမှာ ဘိန်းခင်းတွေမရှိတော့ပေမဲ့ အရှေ့တောင်ပိုင်းဒေသမှာ ဘိန်းစိုက်ပျိုးတဲ့ဧရိယာကျယ်ဝန်းလာပါတယ်။ ရှမ်းပြည်နယ်မှာ နှစ်အတော်ကြာတာဝန်ကျခဲ့သူ ဒု–ဗိုလ်ချုပ်ကြီးကျော်ဝင်းရဲ့သားနဲ့ ကွန်လွန်သူ ဘိန်းဘုရင်ခွန်ဆာတို့ရဲ့သားတို့ လက်တွဲပြီး မိုင်းဖြတ်မှာ စီးပွားရေးလုပ်နေတာကိုကြည့်ရင် ဗမာစစ်ဗိုလ်နဲ့ ဘိန်းမှောင်ခိုတို့ရဲ့ အဆက်အသွယ် အတိမ်အနက်ကို ခန့်မှန်းနိုင်ပါတယ်။

ကချင်ပြည်နယ်မှာ ဘယဆေး အဖြစ် သုံးစွဲလာခဲ့တဲ့ ခတ်ပုံ ခေါ် ခါခု ဆိုတဲ့ မူးယစ်ဆေးတမျိုးကို သုံးစွဲသူတွေများနေတယ်လို့ LNDO လားဟူအဖွဲ့ စာစောင်မှာ ဓာတ်ပုံနဲ့တကွ ဖော်ပြထားပါတယ်။ ဘိန်းစိမ်းကို ငှက်ပျောရွက်နဲ့ ရောနယ်ပြီး မီးကင်သုံးစွဲတဲ့နည်းဖြစ်ပါတယ်။ အဖျားအနာ အကိုက်အခဲပျောက်တယ်လို့ ယုံကြည်ပြီး ခါခု ကိုမှီဝဲကြတာဖြစ်ပါတယ်။ ရောစပ်တဲ့ ဘိန်းပမာဏကိုလိုက်ပြီး စွဲသွားနိုင်ပါတယ်။ အခုတော့ ငှက်ပျောရွက်အစား မြင်းခွာရွက်ကို ဘိန်းနဲ့ရောပြီး ကင်ပါတယ်။ ရှူတဲ့အခါမှာ အနံ့မရှိတဲ့အတွက် ဘိန်းရှူနေမှန်းမသိဘူးလို့ ဆိုပါတယ်။ ခါခု ကို ဆေးတံထဲ ထည့်သောက်လို့ရတာမို့ စိတ်ကြွဆေးစားသုံးသလိုပဲ လူမသိနိုင်တဲ့နည်းပါပဲ။

ဝ သွေးစည်းညီညွတ်ရေးအဖွဲ့ရဲ့ တပ်ရင်း ၁၇၁ ချုပ်ကိုင်တဲ့ မိုင်းတုံမြို့ကနေ ထိုင်းနိုင်ငံထဲ ခါခု ကို တင်သွင်းနေတယ်လို့ ဆိုပါတယ်။ ကျန်းမာရေးအတွက် စားသုံးလို့ရတဲ့ဆေးဝါးလို့ ယူဆတာဟာ ခါခု ခေါ် ဘိန်းဆေးကို လူကြိုက်များစေတဲ့အချက်ဖြစ်ပါတယ်။ မြန်မာပြည်က လားဟူ၊ အခါ၊ ဝ စတဲ့တိုင်းရင်းသားတွေဟာ ဘိန်းစိုက်ပျိုးရေးကို အားကိုးနေရတုန်းဖြစ်ပေမဲ့ ထိုင်းနိုင်ငံမြောက်ပိုင်းမှာနေတဲ့ လားဟူ၊ အခါ တွေကတော့ ဘိန်းမစိုက်တော့ပဲ ပန်းမျိုးစုံစိုက်ပြီး ရောင်းချနေပါတယ်။

# ရုပ်ရှင်သရုပ်ဆောင် ကျော်သူ ပြည်သူ့ ဘက်သားအနုပညာသမားဆုချီးမြှင့်ခံရ

**RFA ဧပြီ ၁၈ ။ ။** မြန်မာအနုပညာရှင်တွေထဲက လူမှုရေးလုပ်ငန်းတွေလုပ်ဆောင်နေတဲ့သူကို လန်ဒန်ရောက်မြန်မာတွေက ပြည်သူ့ဘက်သား အနုပညာရှင်ဆုချီးမြှင့်ရာမှာ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာကျော်သူ ကို ရွေးချယ်လိုက်ပါတယ်။

ဒီဆုကို သရုပ်ဆောင်ကျော်သူရဲ့ကိုယ်စား လန်ဒန်မှာနေတဲ့ ပန်းချီဆရာထိန်လင်းက လက်ခံရယူပါတယ်။ လန်ဒန်မှာရှိတဲ့ မြန်မာလူငယ်တွေနဲ့ မြန်မာအနုပညာရှင်တွေစုပေါင်းပြီး အဲဒီဆုကို ၂၀၀၃ ခုနှစ်ကတည်းက စတင်ချီးမြှင့်ခဲ့တာလို့ သိရပါတယ်။

ရုပ်ရှင်သရုပ်ဆောင်ကျော်သူရဲ့ ကိုယ့်ရဲ့အကျိုးစီးပွားထိခိုက်ခံပြီး ပြည်သူတွေအတွက် လူမှုဝန်ထမ်းအလုပ်တွေကိုလုပ်ပေးတဲ့အတွက် အခုလိုချီးမြှင့်တာဖြစ်တယ်လို့ လန်ဒန်မှာရှိတဲ့ ဆရာတော် ဦးဥတ္တရက ပြောပါတယ်။

သရုပ်ဆောင်ကျော်သူဟာ ပန်းချီဆရာကောင်းတယောက်လည်းဖြစ်တယ်လို့ ပန်းချီဆရာထိန်လင်းက ပြောပြပြီး လူတိုင်းမလုပ်နိုင်တဲ့လူမှုရေးအလုပ်တွေကို လုပ်နိုင်တဲ့သူတဦးဖြစ်တယ်လို့ ချီးကျူးပြောဆိုသွားပါတယ်။

ပြည်သူ့ဘက်သားအနုပညာဆုကို အဆိုတော် မာမာအေး၊ ကဗျာဆရာတင်မိုး၊ အဆိုတော်မွန်းအောင်၊ လူရွှင်တော် ဇာဂနာ စတဲ့သူတွေ ချီးမြှင့်ခံခဲ့ရပါတယ်။

**DVB ဧပြီ ၁၉ ။ ။** လန်ဒန်မြို့သာသနာ့ရံသီဝိဟာရ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနဲ့ စိန့်မာသီရာ ဘုရားရှိခိုးကျောင်းတို့မှာ ကျင်းပတုန်းက ဂေါပကလူကြီး ဒေါက်တာဝင်းနိုင်က “ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို မမေ့ဖို့၊ တချိန်မှာ တိုင်းပြည်ကောင်းစားသွားပြီ၊ လွတ်မြောက်သွားပြီဆိုရင် တိုင်းပြည်အကျိုးလုပ်နိုင်အောင် ကျနော်တို့က တိုက်တွန်းတဲ့အနေနဲ့ ဆုချီးမြှင့်တာပါ“လို့ ပြောပါတယ်။

---

# နအဖနှင့် ဒီကေဘီအေတို့ ပူးပေါင်း၍ ကေအဲန်ယူကို အပြင်းအထန်တိုက်ခိုက်လျက်ရှိ

**DVB ဧပြီ ၁၉ ။ ။** ကေအဲန်ယူဗဟိုဌာနချုပ်လက်အောက်ခံ တပ်ရင်း ၂၀၁ ဝေါလေခီးစခန်းကို နအဖနဲ့ ဒီကေဘီအေပူးပေါင်းတပ်က လက်နက်ကြီးတွေနဲ့ပစ်ခတ်ပြီး အပြင်းအထန်တိုက်ခိုက်နေပါတယ်။

နအဖနဲ့ ဒီကေဘီအေတပ်တို့က သင်္ကြန်ကာလတလျှောက် ဒီလိုတိုက်ခိုက်နေတာဖြစ်ပြီး အခုလည်းတိုက်နေတယ်လို့ တပ်ရင်း ၂၀၁ တာဝန်ကျ အရာရှိတဦးက ပြောပါတယ်။

မြဝတီမြို့ရဲ့မြောက်ဘက် သောင်ရင်းမြစ်ဖျားရှိ ဒီစခန်းကို သိမ်းပိုက်နိုင်ရေးအတွက် နအဖက တိုက်ခိုက်ရာမှာ အကျအဆုံးများပြားတဲ့အတွက် နောက်ပိုင်းမှာ လက်နက်ကြီးတွေနဲ့ ဆက်တိုက်ပစ်နေတော့တယ်လို့ ကေအဲန်ယူနဲ့ နီးစပ်တဲ့သူတွေက ပြောပါတယ်။

ဝေါလီခီးစခန်းဟာ ဗျူဟာမြောက်တဲ့စခန်းတခုဖြစ်ပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မဟာ ၆ နှစ်ပေါင်းများစွာ အခြေစိုက်ခဲ့တဲ့ ကုန်သွယ်ရေးစခန်းတခုပါ။ ကေအဲန်ယူနဲ့ဆွေးနွေးချင်တယ်လို့ နအဖဝန်ကြီးချုပ်က နေပြည်တော်ရောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးကနေတဆင့် ပြီးခဲ့တဲ့လက ကမ်းလှမ်းခဲ့တယ်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ကေအဲန်ယူခေါင်းဆောင်တွေကို တွေ့ဆုံ အကြောင်းကြားခဲ့ပါတယ်။

ဒါပေမဲ့ နအဖဘက်ကတော့ ကေအဲန်ယူ ကေအဲန်အဲလ်အေစခန်းတွေကို ထိုးစစ်ဆင်တာတွေကို မရပ်ဘူးလို့ ကေအဲန်ယူဒုဥက္ကဋ္ဌ ဖဒိုဒေးဗစ်သာကပေါ ကပြောပါတယ်။ ဒါ့အပြင် တပ်မဟာနဲ့ တခြားဒေသတွေမှာလည်း တိုက်ပွဲတွေများတယ်လို့ ဆိုပါတယ်။

ဒီလိုအသိအမှတ်ပြုချီးမြှင့်တဲ့အတွက် ရုပ်ရှင်သရုပ်ဆောင်ထူးချွန်ဆု ချီးမြှင့်ခံရတာထက်တောင် ဂုဏ်ယူဝမ်းမြောက်ပါတယ်လို့ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးကျော်သူက ပြောပါတယ်။

“ဂုဏ်ယူတယ်ဆိုတာ ကျနော်ရော ကျနော့်အမျိုးသမီးရောပေါ့လေ၊ နှစ်ယောက်အတူ စိတ်တူ သဘောတူနဲ့ လုပ်ခဲ့ရတဲ့အလုပ်တခုကို အသိအမှတ်ပြုခံရတဲ့အတွက် ဒါအများကြီး ဂုဏ်ယူတယ်၊ ဝမ်းလည်းသာတယ်၊ ကျေလည်း ကျေနပ်ပါတယ်“။

ခုနှစ်ရက်သားသမီး ပြည်သူတွေအတွက် လူမှုရေးကို ဖိဖိစီးစီးလုပ်သွားနိုင်တဲ့အတွက် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်လို့ အနုပညာလုပ်ခွင့်ပိတ်ပင်ခံထားရတဲ့ ဦးကျော်သူက ပြောပါတယ်။

“ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်က ကျနော့်ကို အနုပညာလုပ်ငန်းကိုလုပ်ခွင့်ပိတ်ထားတဲ့အတွက် အခု လူမှုရေးအလုပ်ကို ဖိဖိစီးစီးလုပ်နိုင်တဲ့အတွက် ဒီဆုရတာကို ကျနော်ကျေးဇူးတင်ပါတယ်၊ အဲဒီတော့ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျ”

ပြည်သူ့ဘက်တော်သားအနုပညာသမားဆုချီးမြှင့်ပွဲကို မြန်မာရိုးရာနှစ်သစ်ကူးပွဲနဲ့အတူ ပူးတွဲကျင်းပတာပါ။

---

# ရန်ကုန်တွင် ဝမ်းရောဂါကြောင့် လူသေဆုံး

**NEJ ဧပြီ ၂၀ ။ ။** ပြီးခဲ့သည့် တလကျော်က စတင်ဖြစ်ပွားခဲ့သည့် ဝမ်းရောဂါကြောင့် ရန်ကုန်တိုင်း သာကေတမြို့နယ်တွင် လူ ၃ ဦး သေဆုံးခဲ့ကြောင်း မြို့နယ်ဆေးရုံမှ ဆရာဝန်တဦးက ပြောသည်။

“ဒေါပုံ၊ သာကေတ နဲ့ ဒလ မြို့နယ်တချို့မှာ ဝမ်းရောဂါဖြစ်နေတာ တလလောက်ရှိပြီ၊ ကျနော်တို့လည်း ကုလို့နိုင်မယ်လို့ထင်ထားတာ၊ တချို့လည်း ဆေးရုံတင်လိုက်တာ ပြန်ကောင်းလာတာကိုး၊ အခုတော့ သာကေတ ၃ ရပ်ကွက် တခုတည်းမှာတင် ၃ ယောက်သေသွားပြီ၊ တခြားနေရာတွေမှာ ရောဂါဖြစ်ပွားနေတာ သိပေမဲ့ အသေအပျောက်ဘယ်လောက်ဆိုတာ မသိသေးဘူး“ဟု ပြောသည်။

သာကေတမြို့နယ်ရှိ ဆေးခန်းတခုမှ ဓာတ်ခွဲခန်းဝန်ထမ်းတဦးကလည်း သာကေတ၊ ဒေါပုံ၊ သဃ်္ဃန်းကျွန်းဘက်မှ ဝမ်းနှင့်ပတ်သက်၍ လာရောက်စစ်ဆေးမှုများရှိကြောင်း၊ ဝမ်းရောဂါပိုးတွေ့ရှိသူများအား ဆေးရုံတင်ထားရကြောင်း ပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းက သာကေတ ၃ ရပ်ကွက်တွင် စခန်းဖွင့်ပြီး ရောဂါဖြစ်သူများကို ဆေးသွင်းခြင်း၊ စားဆေးပေးခြင်းများကို ကူညီပေးလျက်ရှိသည်ဟု မျက်မြင်သက်သေတဦးက ပြောသည်။

ဝမ်းရောဂါဖြစ်ပွားသည့်မြို့နယ်များတွင် စည်ပင်သာယာမှ ပိုက်ဖြင့် ဖြန့်ဖြူးသည့်စနစ်မရှိသကဲ့သို့ နေအိမ်အများစုမှာလည်း စီးပွားရေးအဆင်မပြေသည့်အတွက် ရေသန့်မဝယ်သုံးနိုင်ကြောင်း၊ ရပ်ကွက်များအတွင်းရှိ ဈေးဆိုင်များသည်လည်း ကျန်းမာရေးနှင့်ညီညွတ်မှုမရှိကြောင်း သာကေတမြို့နယ်ဆရာဝန်တဦးက ပြောသည်။

---

**မျက်နှာဖုံးမှ**

ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ သည် အာဏာတည်ခြင်းမရှိသေးသဖြင့် ပြန်လည်သုံးသပ်ရန်နှင့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ခေါ်ယူဖွဲ့စည်းပေးရန် အဲန်အဲလ်ဒီက နအဖစစ်အစိုးရကို တောင်းဆိုထားသည်။

# ဒီမိုကရေစီအခြေခံမှုများ

ကျော်ကျော်စိုး

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးက မြန်မာပြည်သူလူထုအား နိုင်ငံရေးအသိအမြင်နှင့်မျက်စိကို ဖွင့်ပေးခဲ့သည်။ လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ နိုင်ငံရေးဆိုသည့် အဓိပ္ပာယ်၊ သဘောသဘာဝ စသည်တို့ကို ပြည်သူအများ အထူးသဖြင့် ငယ်ရွယ်သူများထိတွေ့ခွင့်ရခဲ့သည်။

အချို့လည်း ဂဃဏန နားလည်ကြသည်။ အချို့လည်းတီးမိခေါက်မိလာကြသည်။ အချို့မှာမူ မည်ကာမတ္တမျှသာသိကြသည်။ စိတ်ပါဝင်စားမှု၊ သိရှိနားလည်လိုမှု အတိုင်းအတာ အနည်းအများပေါ်မူတည်၍ ကွဲပြားကြခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ် ၂၀ ကထက်စာလျှင် မြန်မာပြည်သူ လူထု၏နိုင်ငံရေးအသိနှင့် နိုးကြွမှုသည် သိသိသာသာတိုးတက်လာသည်မှာ မည်သူမျှစောဒကတက်၍မရသည့်အချက်ဖြစ်သည်။ သို့သော်လည်း မြန်မာ့အရေးတွင် စိတ်အားတက်ကြွစွာဖြင့်ပါဝင်လှုပ်ရှားနေသူများအကြား ဒီမိုကရေစီ၏အခြေခံ၊ သဘောသဘာဝနှင့် ကျင့်စဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသဘောပေါက်နားလည်ခြင်းမရှိသူ အတော်များများရှိသေးသည်ကို မြင်တွေ့နေရသည်။ အထူးသဖြင့် ဆန္ဒပြပွဲတခုတွင် အဖွဲ့အစည်းတခု၌ ဦးဆောင်ဦးရွက်ပြုနေသူတဦး၏ ဒီမိုကရေစီ၏အနှစ်သာရနှင့် သဘောသဘာဝကျင့်စဉ်များကို မသိနားမလည်၍ ပြုမူခဲ့သည်များကို တွေ့မြင်ခဲ့ရပြီးနောက် ယခုလိုရေးသားဖြစ်ခဲ့ခြင်းဖြစ်သည်။

ထိုသူများအတွက်ရည်ရွယ်၍ ဒီမိုကရေစီ၏အခြေခံမှုများကို တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်းရေးသားဖော်ပြထားသော စာအုပ်စာတမ်းများ၊ အင်တာနက်စာမျက်နှာများကို အချိန်ယူကာရှာဖွေခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာန၏ အင်တာနက်စာမျက်နှာတခုရှိ International Information Programs တွင် ဒီမိုကရေစီအခြေခံမှုများကို ဖော်ပြထားသည်ကို တွေ့ရှိခဲ့ရပြီးနောက် ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုစာသည် တကြိမ်ဖတ်ရှုပြီးနောက် သိမ်းဆည်းထားရုံမဟုတ် ကြိမ်ဖန်များစွာဖတ်ရှုလေ့လာရန်လိုအပ်သော စာမျိုးထဲတွင်ပါဝင်သည်။ ထို့အပြင် အခြားသူများကိုလည်း လက်ဆင့်ကမ်းပေးဖတ်သင့်သည့်စာအမျိုးအစားလည်းဖြစ်သည်။

၎င်းစာကို ဖတ်ရှုသူတဦးအနေဖြင့် မိမိ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အများအတွက်သော်လည်းကောင်း တစုံတရာသောအကျိုးဖြစ်ထွန်းလိမ့်မည်ဟု ကျနော့်အနေဖြင့် ယုံကြည်ပါသည်။

## နိဒါန်း

နိုင်ငံတကာသတင်းအချက်အလက်ဖြန့်ချိရေးဗျူရိုက ဒီမိုကရေစီ၏ အခြေခံများကို အပိုင်း ၂၁ ပိုင်း ခွဲကာ ရှင်းလင်း ရေးသားဖြန့်ချိလိုက်ပြီဖြစ်သည်။

“ဒီမိုကရေစီ” ဟူသောစကားရပ်သည် ယနေ့ကမ္ဘာကြီး၌ တွင်ကျယ်နေပြီဖြစ်သဖြင့် ဒီမိုကရေစီနှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြခြင်းသည် လွန်စွာအရေးပါသောကိစ္စတရပ်ဖြစ်သည်။

နောက်ပိုင်းစာမျက်နှာများတွင် အပိုင်းလိုက်ဖော်ပြထားသည့် အကြောင်းအချက်များသည် စာဖတ်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်၍ ခြုံငုံရှုမြင်နိုင်မည်ဖြစ်သည့်အပြင် ဒီမိုကရက်တစ်အစိုးရတရပ်၏အစိတ်အပိုင်းများ မည်သို့ရှိသည်ဆိုသည့်အချက်များမှသည် လူတဦးချင်းစီနှင့်သက်ဆိုင်သည့် အကြောင်းအချက်များအထိ သိရှိနိုင်မည်ဖြစ်သည်။

အပိုင်းလိုက်ဖော်ပြထားချက်များသည် အဓိကကျသည့်အတွေးအခေါ်ပညာရှင်များ၏ စဉ်းစားတွေးခေါ်မှုများကို ရောင်ပြန်ဟပ်နေသည်သာမက ဒီမိုကရက်တစ်အစိုးရစနစ်များအောက်တွင် တိုးတက်သာယာနေသည့် များပြားလှစွာသော လွတ်လပ်သည့်လူ့အဖွဲ့အစည်းများ၏ လက်တွေ့ကျင့်သုံးမှုများကိုပါ ရောင်ပြန်ဟပ်နေပေသည်။

## အပိုင်း ၁

## ဒီမိုကရေစီဆိုသည်မှာ

“ဒီမိုကရေစီ” ဟူသောစကားရပ်သည် ဂရိဘာသာစကားဖြစ်သော demos မှ ဆင်းသက်လာသည်။ ပြည်သူ ဟူသော အဓိပ္ပာယ်ရသည်။ ဒီမိုကရေစီတွင် ပြည်သူလူထုသည် အမြင့်ဆုံးသောအာဏာပိုင်ဖြစ်ပြီး ဥပဒေပြုအမတ်များနှင့် အစိုးရ၏အထက်တွင်ရှိသည်။

ဒီမိုကရေစီကိုကျင့်သုံးမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အမျိုးမျိုးကွဲပြားနေသော်လည်း ဒီမိုကရက်တစ်အစိုးရတရပ်အနေဖြင့်လိုက်နာရမည့်အခြေခံမှုများနှင့် လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးမှုများသည် အခြားသောအစိုးရများနှင့် ကွဲပြားခြားနားပေသည်။

ဒီမိုကရေစီတွင် အာဏာရအစိုးရတရပ်သည် ပြည်သူလူထုအားတာဝန်ခံရပြီး အာဏာနှင့်တာဝန်ခံမှုကို ပြည်သူလူထုက တိုက်ရိုက်သော်လည်းကောင်း၊ ၎င်းတို့က လွတ်လပ်စွာ ရွေးချယ်လိုက်သောကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း ကျင့်သုံးရပေသည်။

ဒီမိုကရေစီသည် လူသားတို့၏လွတ်လပ်ခွင့်များကို အကာအကွယ်ပေးသည့်အခြေခံမှုများ၊ လက်တွေ့ကျင့်သုံးမှုများဖြင့်စုပေါင်းထားသည်။ ၎င်းသည်က လွတ်လပ်မှုများအတွက် ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်။

ဒီမိုကရေစီသည် အများဆန္ဒဖြင့်အုပ်ချုပ်မှုပေါ်တွင် တည်မှီသည်။ ထိုအထဲတွင် လူတဦးချင်းစီနှင့် လူနည်းစုတို့၏ အခွင့်အရေးများလည်း ပေါင်းစပ်ထားသည်။ ဒီမိုကရေစီမှန်သမျှသည် လူအများစု၏ဆန္ဒအတိုင်းဖြစ်ရမည်ဆိုသကဲ့သို့ လူတဦးချင်းစီနှင့် လူနည်းစုတို့၏အခြေခံအခွင့်အရေးများကို ကာကွယ်ရေးကိုလည်း အားပေးသည်။

ဒီမိုကရေစီသည် ဗဟိုအစိုးရ၏အာဏာ အပြည့်အဝရှိရေးကို ကာကွယ်ပေးသကဲ့သို့ အုပ်ချုပ်ရေးအာဏာကို ဒေသဆိုင်ရာနှင့် အောက်ခြေအဆင့်အထိ ခွဲဝေချထားရေးကိုလည်း ကာကွယ်သည်။ ၎င်းသည်က ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူလူထုနှင့်ထိတွေ့မှုရှိရမည့်အပြင် ပြည်သူများ၏လိုလားချက်များကိုလည်း ဖြစ်နိုင်သမျှတုံ့ပြန်ရမည်ဆိုသည့် သဘောဖြစ်သည်။

ဒီမိုကရေစီသည် သူ၏အခြေခံလုပ်ငန်းဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်နှင့် ကိုးကွယ်ယုံကြည်ပိုင်ခွင့်၊ ဥပဒေအောက်တွင် တူညီစွာဖြင့် ကာကွယ်စောင့်ရှောက်ခံရပိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေးရာကိစ္စများတွင် အပြည့်အဝစည်းရုံးပိုင်ခွင့်နှင့် ပါဝင်လုပ်ဆောင်ပိုင်ခွင့် အစရှိသည့် အခြေခံလူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည်။

ဒီမိုကရေစီတွင် ပြည်သူပြည်သားအားလုံးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပေးရသည်။ ထိုရွေးကောက်ပွဲများသည် အာဏာရှင်များနှင့် ပါတီတရပ်ရပ်အား ထောက်ခံသည့်အနေဖြင့် ကျင်းပခြင်းမျိုးမဟုတ်ပဲ၊ ပြည်သူလူထု၏ထောက်ခံအားပေးမှုဖြင့် စစ်မှန်သည့်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။

ဒီမိုကရေစီက အစိုးရအား တရားဥပဒေစိုးမိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်စေသည်။ ပြည်သူလူထုအားလုံးကို ဥပဒေအောက်တွင် တပြေးညီကာကွယ်စောင့်ရှောက်မှုရရှိစေရေးကို လုပ်ဆောင်စေသကဲ့သို့ ပြည်သူများ၏အခွင့်အရေးကို အကာအကွယ်ပေးသည့် တရားဥပဒေစနစ်ရှိစေရေးကိုလည်း ဆောင်ရွက်စေသည်။

ဒီမိုကရေစီကျင့်သုံးမှုတွင် အမျိုးမျိုးကွဲပြားမှုရှိပေသည်။ ထိုကွဲပြားမှုသည်

တဘက်သို့

# ရိုဟင်ဂျာတွေရှိတဲ့ ရခိုင်ဒေသဖွံ့ဖြိုးရေး နအဖစစ်အုပ်စု ကူညီမည်

**VOA မေ ၁၅။ ။** အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ အင်္ဂါနေ့ကစပြီး ၂ ရက်ကြာပြု လုပ်ခဲ့တဲ့ ဒေသတွင်း ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေး အတွင်း ဒေသတွင်းဂယက်ထနေတဲ့ လှေစီးပြေးရိုဟင်ဂျာအရေးကိစ္စကို တက် ရောက်လာတဲ့ နိုင်ငံကိုယ်စားလှယ်တွေ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကတော့ ရိုဟင်ဂျာတွေနေတဲ့ ရခိုင်ပြည်နယ်အတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားလိုပါတယ်လို့ ပြောပါတယ်။

အခုအစည်းအဝေးဟာ ဒေသတွင်းပြောင်းရွှေ့နေထိုင်မှုနဲ့ပတ်သက်လို့ ဖြစ်ပေါ်လာတဲ့ ရာဇဝတ်မှုတွေ၊ လူကုန်ကူးမှုပြဿနာတွေကို ဖြေရှင်းဖို့ အင်ဒိုနီးရှား နဲ့ ဩစတြေးလျားတို့က စတင်ဦးဆောင်ခဲ့တာပါ။ တတိယအကြိမ်မြောက်ကျင်းပ တဲ့အစည်းအဝေးကို နိုင်ငံပေါင်း ၆၀ ကျော်က ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ ကြပါတယ်။ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်ကနေလာတယ်ဆိုပြီး အငြင်းပွားဖွယ်ရာဖြစ် နေတဲ့ လှေစီးပြေးရိုဟင်ဂျာတွေအရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အင်ဒို နီးရှားနိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Teuka Faizshar က ဗွီအိုအေကို အခုလို ပြောပြပါတယ်။

"အခုဆွေးနွေးပွဲမှာ ဒေသတွင်းပြောင်းရွှေ့သွားလာမှုနဲ့ပတ်သက်လို့ ပြော ကြဆိုကြတဲ့နေရာမှာ ရိုဟင်ဂျာကိစ္စဟာ တခုအပါအဝင်ဖြစ်ပါတယ်။ နေ့လယ်စာ စားသုံးရင်းနဲ့ ဆွေးနွေးကြတဲ့အကြောင်းတရပ်ပါ၊ သူတို့မူလရောက်လာတဲ့တိုင်း ပြည်က ကိုယ်စားလှယ်တွေ၊ သူတို့ရောက်သွားတဲ့တိုင်းပြည်ကကိုယ်စားလှယ်တွေ၊ တခြား ဒီကိစ္စကို စိုးရိမ်ပူပန်တဲ့တိုင်းပြည်တွေဟာ သူတို့ရဲ့အမြင်တွေ၊ ဘယ်လို အဖြေရှာကြမလဲဆိုတာတွေကို အပြန်အလှန်ဖလှယ် ဆွေးနွေးခဲ့ကြပါတယ်။ အစည်း အဝေးအတွင်း ပြောင်းရွှေ့သွားလာတဲ့ဒုက္ခသည်ကိစ္စကိုပြောဆိုတော့လည်း ဥပမာ ပေးပြောဆိုတဲ့အထဲမှာ ရိုဟင်ဂျာကိစ္စလည်း ပါပါတယ်။

မြန်မာနိုင်ငံဘက်ကတော့ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ ရဲချုပ်တို့ဦးဆောင် ပြီး တက်ရောက်ဆွေးနွေးခဲ့တယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဌာနက ပြောပါတယ်၊

**စာမျက်နှာ ၈ သို့**

---

**တဘက်မှ**

နိုင်ငံတနိုင်ငံချင်းစီ၏ မတူညီပဲ သီးခြားဖြစ်နေသည့် နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝများကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ ဒီမိုကရေစီသည် အခြေခံမှုများ တွင် တည်မှီသည်၊ ကျင့်သုံးမှုတူညီရမည်ဆိုသည့်အပေါ် မတည်မှီပေ။

ဒီမိုကရေစီတွင် ပြည်သူပြည်သားများသည် အခွင့်အရေးများရှိရုံမက တာဝန်များလည်းရှိပေသည်။ နိုင်ငံရေးစနစ်တွင် ပါဝင်လှုပ်ရှားရန်တာဝန်ရှိသကဲ့ သို့ ၄င်းတို့၏ကိုယ်ပိုင်အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကိုလည်း ကာကွယ်ရန် တာဝန်ရှိပေသည်။

ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းများသည် သည်းခံမှု၊ ပူးပေါင်းပါဝင်မှုနှင့် အပြန်အလှန်အပေးအယူအလျှော့အတင်းလုပ်နိုင်မှုတို့ကို တန်ဖိုးထားလုပ်ဆောင် သည်။ အပြန်အလှန်အပေးအယူလုပ်မှုများဖြင့် သဘောတူညီချက်ရရှိမှုကို ဒီမို ကရေစီက အသိအမှတ်ပြုသည်။ သို့သော်လည်း၎င်းအချက်သည် အမြဲ တမ်းမရရှိ ပေ။ မဟတ္တမဂန္ဒီ၏စကားဖြင့်ဆိုရလျှင် သည်းမခံနိုင်မှုသည် ၄င်း၏ပင်ကိုယ် သဘောက အကြမ်းဖက်မှုပုံစံဖြစ်ပြီး၊ စစ်မှန်သည့်ဒီမိုကရေစီစိတ်ဓာတ် တိုးတက် ဖွံ့ဖြိုးရေးအတွက် အတားအဆီးဖြစ်သည်။

## အပိုင်း ၂

## အများစုအုပ်ချုပ်မှု အနည်းစုအခွင့်အရေး

အပေါ်ယံအားဖြင့်ကြည့်လျှင် အများစုအုပ်ချုပ်မှုနှင့် လူတဦးချင်းစီနှင့် လူနည်းစုအခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုသည့်အခြေခံမှုများသည် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု မြင်ရနိုင်သည်။

သို့သော်လည်း အမှန်စင်စစ်မှာ ထိုအခြေခံမှုများသည် ဒီမိုကရက်တစ် အစိုးရ၏အခြေခံအုတ်မြစ်ကို ပံ့ပိုးပေးနေသည့် အမွှာထောက်တိုင်နှစ်ခုဖြစ်ပေသည်။

အများစုအုပ်ချုပ်မှုသည် အစိုးရ၏စုစည်းဆောင်ရွက်မှုဖြင့် ပြည်သူ့ ရေးရာကိစ္စရပ်များကို ဆုံးဖြတ်ခြင်းဆိုသည့်အဓိပ္ပာယ်ဖြစ်သည်။ ၎င်းသည်က ဖိနှိပ်ခြင်းနည်းလမ်းတလမ်းမဟုတ်ပေ။ ကိုယ့်ဘာသာကိုယ် ရာထူးနေရာခန့် အပ်ယူကာ အုပ်ချုပ်နေသောအုပ်စုဖြစ်သည့်တိုင် အခြားသူများကို ဖိနှိပ်ပိုင်ခွင့် မရှိပေ။ ထို့ကြောင့် <u>မည်သို့ပင်အများစုဖြစ်စေကာမူ၊ မည်သို့သောဒီမိုကရေစီ ဖြစ်စေကာမူ လူနည်းစု သို့မဟုတ် လူတဦးချင်းစီ၏အခြေခံအခွင့်အရေးများကို ဖယ်ရှားရုပ်သိမ်း၍မရပေ။</u>

လူမျိုးစုနောက်ခံအကြောင်းရင်းကြောင့်ဖြစ်စေ၊ ဘာသာရေးယုံကြည်ချက် ကြောင့်ဖြစ်စေ၊ ပထဝီဝင်အနေအထားအရဖြစ်စေ၊ ဝင်ငွေအဆင့်အတန်းအရ ဖြစ်စေ၊ ရွေးကောက်ပွဲတွင်ရှုံးနိမ့်သူဖြစ်စေ လူနည်းစု၏အခြေခံလူ့အခွင့်အရေးများ ကို အစိုးရကသော်လည်းကောင်း၊ လူအများစုကသော်လည်းကောင်း၊ ရွေးချယ်ခံရ သူကသော်လည်းကောင်း ဖယ်ရှား၍မရပဲ အပြည့်အဝခံစားပိုင်ခွင့်ရှိသည်။

လူနည်းစုအနေဖြင့် အစိုးရသည် ၄င်းတို့၏အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်များကို အကာအကွယ်ပေးလိမ့်မည်ဟု ယုံကြည်ရန်လိုအပ်သည်။ အစိုးရက လည်း ထိုကဲ့သို့ အကာအကွယ်ပေးပါက အဆိုပါလူနည်းစုအုပ်စုများသည် နိုင်ငံ ၏ဒီမိုကရေစီအတွက်လိုအပ်သော အခြေခံများ၊ အဖွဲ့အစည်းများ၊ အစဉ်အလာ များ၊ ကျင့်စဉ်များဖြစ်ထွန်းရေးအတွက် ပါဝင်ဆောင်ရွက်နိုင်မည်ကို ယုံကြည်ရန် လိုအပ်ပေသည်။

မည်သည့်ဒီမိုကရက်တစ်အစိုးရမဆို အကာအကွယ်ပေးရမည့် အခြေခံ လူ့အခွင့်အရေးများထဲ၌ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒထုတ်ဖော်ပြသခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်၊ ဥပဒေအောက်တွင် ညီမျှစွာကာကွယ်စောင့်ရှောက်မှုရခွင့်၊ လွတ်လပ်စွာစည်းရုံးပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်၊ သဘောထားကွဲလွဲပိုင်ခွင့်၊ လူမှုအသိုင်းအဝိုင်းအတွင်း၌ အများပြည်သူဆိုင်ရာ အရေးကိစ္စများတွင် အပြည့်အဝပါဝင်လှုပ်ရှားဆောင်ရွက်ပိုင်ခွင့်တို့ပါဝင်သည်။

လူနည်းစုက ၄င်းတို့၏ယဉ်ကျေးမှုအစဉ်အလာ၊ လူမှုရေးဆိုင်ရာလုပ် ကိုင်မှု၊ တဦးချင်းစီ၏သက်ဝင်ယုံကြည်မှု၊ ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အကာအကွယ်ပေးရမည်ဆိုသည်မှာ အခြေခံ အကျဆုံးတာဝန်ဖြစ်သည်ကို ဒီမိုကရေစီကနားလည်သည်။

လူမျိုးနွယ်စုအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရ သော်လည်း ကောင်း တည်ရှိမှုကိုလက်ခံခြင်းသည် ဒီမိုကရက်တစ်အစိုးရတရပ်အနေဖြင့် ရင်ဆိုင်ရမည့်အကြီးမားဆုံးသော စိမ်ခေါ်မှုဖြစ်သည်။ ဒီမိုကရေစီသည် ထိုကဲ့သို့ မတူညီကွဲပြားခြားနားမှုများကို ကြီးမားလှသည့် ပိုင်ဆိုင်မှုတခုအဖြစ် အသိအမှတ် ပြုလက်ခံသည်။ ကွဲပြားခြားနားသည့် အစဉ်အလာ၊ ရပ်တည်ချက်၊ ယဉ်ကျေးမှု၊ တန်ဖိုးထားမှုများကို လူ့အဖွဲ့အစည်းအတွက် ပိုမိုအားဖြစ်စေသည့် တောင့်တင်း ခိုင်မာစေသည့်အရာအဖြစ်ဆက်ဆံပြီး လူ့အဖွဲ့အစည်းအား ခြိမ်းခြောက်သော အရာအဖြစ် ရှုမြင်ခြင်းမရှိပေ။

လူနည်းစု၏ သဘောထားအမြင်များ၊ တန်ဖိုးထားမှုများနှင့်ပတ်သက်၍ အဖြေသည်တခုတည်းမရှိပေ။ ဒီမိုကရေစီကျင့်စဉ်များဖြစ်သည့် စိတ်ရှည် သည်းခံ မှု၊ အပြန်အလှန်ဆွေးနွေးမှု၊ အပေးအယူလုပ်လိုမှု စသည့် အသိစိတ်များရှိမှသာ လွတ်လပ်သောလူမှုအသိုင်းအဝိုင်းအတွင်း သဘောတူညီချက်များရရှိမည်ဖြစ်ပြီး ဒီမိုကရေစီအုတ်မြစ်၏ထောက်တိုင်ကြီးနှစ်ခုဖြစ်သော လူများစုအုပ်ချုပ်မှုနှင့် လူနည်းစုအခွင့်အရေးများကို လက်ကမ်း ကြိုဆိုထွေးပွေ့နိုင်မည်ဖြစ်ပေသည်။

**ဆက်လက်ဖော်ပြပါမည်**

# လေတပ်စခန်းတပ်သားများ ရွာကို အကြမ်းဖက်

**RFA ဧပြီ ၁၈ ။ ။** မိတ္ထီလာမြို့နယ် ဓားကံရွာ အနောက်ဘက်မှာရှိတဲ့ လေတပ်စခန်းက စစ်သားတွေဟာ ရွာသားတယောက်နဲ့ အချင်းများတာကို တရားဥပဒေအရ မဖြေရှင်းပဲ ရွာကိုဝင်ပြီး အကြမ်းဖက်သွားတယ်လို့ သတင်းရရှိပါတယ်။

ဧပြီလ ၁၅ ရက်နေ့ နေ့လယ် ၁၂ နာရီလောက်မှာ ရွာသား ကိုမျိုးဇော်ဦး ဆိုသူက လေတပ်စခန်းနဲ့ ရွာအနီးမှာဖွင့်ထားတဲ့ ထန်းရည်ဆိုင်မှာ တပ်သားတချို့နဲ့ သောက်စားခဲ့ပြီး အချင်းများကြတယ်လို့ သိရပါတယ်။ မကြာခင်မှာပဲ အဲဒီ လေတပ်စခန်းကစစ်သားတွေဟာ ကိုမျိုးဇော်ဦး ကို ရွာထဲမှာလိုက်ရှာပြီး အော်ဟစ်ကြိမ်းမောင်းကြောင်း၊ ကျေးရွာအာဏာပိုင်တွေက တောင်းပန်ပြီး စစ်သားတွေကို ပြန်လွှတ်တဲ့အခါ နောက်ထပ်စစ်သားတွေခေါ်လာပြီး ရွာကို ဝင်ရောက်အကြမ်းဖက်ခဲ့ကြောင်း နီးစပ်သူတဦးက ပြောပါတယ်။

"ဓားကံကျေးရွာထဲကို မျိုးဇော်ဦးနဲ့စကားများပြီးတဲ့နောက် တပ်မတော်သား၃၀ လောက် ရွာထဲဝင်ပြီး ကြမ်းသွားတယ်၊ ရာအိမ်မှူးက သူတို့ကိုတောင်းပန်ပြီး ပြန်လွှတ်တဲ့အခါမှာ သူတို့က စစ်သားတွေကို ခေါ်လာပြီး ရွာကိုမီးရှို့ပစ်မယ် ဘာညာနဲ့ ဓာတ်မီးတိုင်တွေ၊ ရွာဆိုင်းဘုတ်တွေကို ရိုက်ချိုး၊ ရွာမီးသတ်ရေကန်က ရေငုတ်တွေကိုလည်း အကုန်ရိုက်ချိုးသွားတယ်၊ ရွာရဲ့အနောက်ဘက်မှာ လေတပ်ဌာနချုပ်က ခြိမ်းခြောက်ပြီးပဲခြားတယ်"

အဲဒီစစ်သားတွေဟာ ရွာက အိမ်တချို့ကိုလည်း ခဲတွေနဲ့ ပိုင်းပေါက်ခဲ့ကြကြောင်း၊ စစ်သားတွေ အခုလိုအကြမ်းဝင်ဖက်ခဲ့တာကို တွေ့ရတဲ့ ရွာသူရွာသားတွေလည်း ထိတ်လန့်ကြောက်ရွံ့သွားခဲ့ကြတယ်လို့ သိရပါတယ်။ ဒီကိစ္စကို ကျေးရွာအာဏာပိုင်တွေကတဆင့် မြို့နယ်အာဏာပိုင်တွေကို တိုင်ကြားပေမဲ့ အခုချိန်ထိ စုံစမ်းစစ်ဆေးတာ အရေးယူဆောင်ရွက်တာမရှိသေးဘူးလို့ သိရပါတယ်။

ဓားကံရွာဟာ အိမ်ခြေ ၂၅၀ လောက်ရှိပြီး ရွာသားအများစုဟာ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ လွန်ခဲ့တဲ့ ၅ နှစ်က ရွာသားတွေရဲ့လယ်မြေတချို့ကို စစ်တပ်ကသိမ်းယူခဲ့တာတွေရှိပြီး တဧက ၅ သိန်းတန်တဲ့မြေကို ကျပ် ငါးထောင် လျော်ကြေးကို မကြာသေးခင်ကမှ ပေးခဲ့ပါတယ်။

---

**စာမျက်နှာ ၇ မှ**

လှေစီးပြေး ရိုဟင်ဂျာတွေ ထွက်ပြေးရောက်ရှိလာတဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့က ဒါကို တင်ပြဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံဘက်ကတော့ ဒီပြဿနာကိုဖြေရှင်းရေးမှာ ပူးပေါင်းဆောင်ရွက်မယ့်သဘောထားကို ထုတ်ဖော်ပြောခဲ့တယ်လို့ မစ္စတာ ဖိုင်ဆာရှာ က ပြောပါတယ်။

ဒီကိစ္စဖြေရှင်းဖို့ကို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်သွားလိုတယ်ဆိုတာကို မြန်မာအာဏာပိုင်တွေဘက်က ပြသခဲ့ပါတယ်။ အနည်းဆုံးကတော့ ရိုဟင်ဂျာတွေရှိတဲ့ ရခိုင်ဒေသမှာ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ပြောပါတယ်။

ရိုဟင်ဂျာအရေးကိစ္စကို ပြဿနာရင်ဆိုင်နေရတဲ့နိုင်ငံနှစ်ဘက်အကြား ဆွေးနွေးမှုတွေရှိသလို အခုလိုနိုင်ငံတကာအဆင့်၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုတွေနဲ့လည်း ဖြေရှင်းဖို့ကြိုးစားသွားမယ်လို့ အင်ဒိုနီးရှားက ပြောပါတယ်။ ဒါပေမဲ့ အခု ဘာလီအစည်းအဝေးမှာ တထိုင်တည်းသဘောအဖြေထုတ်နိုင်မှာ မဟုတ်ပဲ ဒါကို လုပ်ငန်းစဉ်တရပ်အနေနဲ့ အချိန်ယူလုပ်သွားရမယ့်သဘောရှိတယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဌာန ပြောခွင့်ရသူက ပြောပါတယ်။

"ဒါက အခုတခါတည်းပြီးသွားမယ့်ကိစ္စမဟုတ်ပဲ လုပ်ငန်းစဉ်တရပ်လို လုပ်သွားရမယ့်ကိစ္စပါ၊ အခု မြန်မာနိုင်ငံက ရိုဟင်ဂျာကိစ္စအပါအဝင် ဒေသတွင်း ပြောင်းရွှေ့သွားလာသူများအရေးကိုင်တွယ်ဖြေရှင်းဖို့ကို ဒီဘာလီလုပ်ငန်းစဉ်ဆွေးနွေးပွဲဟာ အကောင်းဆုံးနေရာတခုလို့ ကျနော်ယူဆပါတယ်"

အခုနှစ်ဆန်း ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလအတွင်းမှာ လှေစီးပြေးရိုဟင်ဂျာတချို့ ထိုင်းနိုင်ငံကိုရောက်၊ အဲဒီမှာ ထိုင်းစစ်တပ်က ပင်လယ်ထဲမောင်းထုတ်လိုက်လို့ အင်ဒိုနီးရှားနိုင်ငံကို တချို့ရောက်၊ တချို့ပင်လယ်ထဲသေဆုံးကုန်ရင်းနဲ့ ဒီကိစ္စ ဒေသတွင်းမှာ အတော်လေးဂယက်ရိုက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံက မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်စကားပြောဖို့ ကြိုးစားခဲ့ပေမဲ့ နောက်ပိုင်းမှာ ဒါကို ဘာလီအစည်းအဝေးမှာ အဓိကထားဆွေးနွေးကြမယ်ဆိုပြီး သဘောတူထားခဲ့ကြတာပါ။

အခုတော့ မြန်မာစစ်အစိုးရအနေနဲ့ ရိုဟင်ဂျာတွေရှိရာဒေသဖွံ့ဖြိုးရေးကို နိုင်ငံတကာအကူအညီနဲ့ လက်ခံဆောင်ရွက်မှာကိုတွေ့ရပါတယ်။ ဩစတြေးလျားက လှေစီးပြေးရိုဟင်ဂျာတွေအခြေအနေကောင်းလာစေဖို့နဲ့ စီးပွားလုပ်ငန်းလုပ်ကိုင်ခွင့်ရစေဖို့ လူသားချင်းစာနာတဲ့အကူ ဒေါ်လာ ၃ သန်း ၂ သိန်း ပေးမယ်လို့ ဆိုပါတယ်။

---

# မူဆယ်တွင်မူးယစ်ဆေး ပြောင် ရောင်းဝယ်သုံးစွဲ

**RFA ဧပြီ ၁၃ ။ ။** တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့ရပ်ကွက်တခုမှာ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေနဲ့ သုံးစွဲသူတွေ ပြောင်ပြောင်တင်းတင်းလုပ်နေတာကြောင့် ရပ်ကွက်အတွင်း နေထိုင်သူတွေ မိမိတို့သားသမီးတွေအတွက် စိုးရိမ်နေရတယ်လို့ သိရပါတယ်။

ရပ်ကွက်တွင်းနေထိုင်သူတဦးက အခုလိုပြောပြပါတယ်။

"မြို့အစွန်လို့လည်းပဲ မဟုတ်ဘူး၊ မြို့ထဲမှာပေါ့၊ နှင်းချယ်ရီလမ်းကြားခေါ် တယ်၊ ဘဏ်ရပ်ကွက်အဆင်းမှာ လမ်းဘေးမှာ ဒီအတိုင်း ဖရီးပါပဲ၊ အားလုံး လမ်းဘေးမှာ ဖရီးသဘောမျိုးပဲ၊ ရောင်းဝယ်နေကြတယ်။ ရှုတဲ့သူတွေကလည်း အဲဒီနားမှာတရားဝင် ပေါ်တင်ရှုနေကြတယ်။ ဆေးထိုးလည်း အဲဒီနားမှာထိုးတယ်၊ ဆေးထိုးတဲ့သူ များပါတယ်၊ ရဲ မလာဘူး၊ အဲဒီနေရာကို ဘေးမဲ့သဘောမျိုးလွှတ်ထားပေးတယ်၊ ရဲလာတာမြင်လည်း ထွက်ပြေးလိုက်ပေါ့၊ အဲ အယောင်တော့ပြတယ်၊ သကြ်န်ရက်တွင်းရယ်လို့ သီးသန့်တော့ မဟုတ်ဘူးပေါ့၊ ဒီနေရာကို ပုံမှန်ကိုပဲ မူးယစ်ဆေးဝါးသုံးစွဲမယ့်လူတွေက ဒီနေရာကို ပုံမှန်သဘောလောက်ကို လာပြီး သုံးစွဲနေကြတာ"

ရပ်ကွက်တွင်းနေထိုင်သူတချို့က အာဏာပိုင်တွေကို တိုင်တန်းတဲ့အခါ ရဲတွေ တခါတရံရောက်လာတတ်ပါတယ်၊ ဆေးအရောင်းအဝယ်လုပ်တဲ့သူတွေဟာလည်း ရပ်ကွက်တွင်းနေထိုင်သူတချို့ဖြစ်ပြီး ဆေးဝယ်မယ့်လူတွေအိမ်ရှေ့ကို ရောက်လာရင် အိမ်ပေါ်က ဆင်းပြီး ရောင်းပါတယ်။ ဆေးသုံးစွဲသူတွေ ရပ်ကွက်တွင်း ပြောင်သုံးစွဲနေတာကြောင့် ဆေးသုံးသူတွေ HIV/ AIDS ရောဂါ ပြန့်ပွားမှာ စိုးရိမ်ရတာကြောင့် NGO အဖွဲ့တဖွဲ့က ရပ်ကွက်အတွင်း တခါသုံးဆေးထိုးအပ်များ လမ်းထိပ်မှာ လာလာချထားပေးတယ်လို့ ရပ်ကွက်တွင်းနေထိုင်သူတွေက ပြောပါတယ်။

---

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် အရိုက်ခံရ

**DVB ဧပြီ ၁၇ ။ ။** သင်္ကြန်အကြတ်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဟာ အမည်မသိ လူတယောက်ရဲ့ရိုက်နှက်တာ ခံလိုက်ရတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

ဒဏ်မပြင်းထန်ပေမဲ့ လောလောဆယ်မှာ အရိုက်ခံရတဲ့ဒဏ်ကြောင့် ခေါင်းမူးတဲ့ဝေဒနာခံစားနေရတယ်လို့ သားဖြစ်သူ ဦးခိုင်မင်းက ပြောပါတယ်။

ဦးသိန်းညွန့်ဟာ နေအိမ်ခြံနောက်ထဲမှာ ရေစက်သွားပိတ်ခိုက် သစ်ပင်အကွယ်မှာ အမှောင်ရိပ်ခိုနေသူတဦးက ထွက်လာပြီး ဦးသိန်းညွန့်ကို ခေါင်း၊ ကျောနဲ့ လက်တွေကို ရိုက်နှက်တာဖြစ်တယ်လို့ ဦးခိုင်မင်းက ပြောပါတယ်။

"ခေါင်းတော့ မကွဲသွားဘူးခင်ဗျ၊ ဖြစ်ဖြစ်ချင်း အိမ်သားတွေထွက်လိုက်တော့ အဲဒီလူကခြံစည်းရိုးကျော်ပြီးထွက်သွားတယ်၊ မမိလိုက်ဘူး၊ ရဲစခန်းကို ဖုံးဆက်အကြောင်းကြားပါတယ်။ ဆေးရုံကဆရာဝန်တွေကလည်း ဂရုစိုက်ပါတယ်၊ နယ်ထိန်းတယောက်လာကြည့်သွားသေးတယ်"လို့ ပြောပါတယ်။

**ဧပြီ ၁၁၊ DVB ။ ။** ကလေးမြို့ထောင်တွင် နိုင်ငံရေးအကျဉ်းကျနေသူ မစုစုနွေးသည် မတ်လက ထောင်ဆေးမှူးရဲ့ မှားယွင်းတဲ့ဆေးကုသမှုဒဏ်ကြောင့် သတိလစ်ပြီး ထောင်ပြင်ဆေးခန်းအထိ ပြခဲ့ရကြောင်း ထောင်ဝင်စာတွေ့သူ သူမ၏အစ်မ မဌေးဌေးကြည်မှဆို၏။

**ဧပြီ ၁၁၊ DVB ။ ။** လူ့အခွင့်ရေးချိုးဖောက်မှု ကျူးလွန်နေဆဲဖြစ်သော နအဖစစ်အုပ်စုကို ဂျပန်အစိုးရမှ ယခုထက်မက ဝေဖန်သင့်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများအား မလွှတ်ပေးရင် ကူငွေများရပ်ဆိုင်းသည်အထိ အရေးယူသင့်ကြောင်းလူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ HRW မှဆို၏။

**ဧပြီ ၁၁၊ PATTAYA ။ ။** ဆန္ဒပြမှုများကြောင့် အာဆီယံတိုးချဲ့ဆွေးနွေးပွဲကို ချက်ချင်းရပ်စဲလိုက်ရကာ နိုင်ငံကိုယ်စားလှယ်များအား လေဆိပ်သို့အမြန် ပို့ခဲ့ရ၏။

**ဧပြီ ၁၁၊ DVB ။ ။** နှစ်ထပ်တိုးကြောင့် အကြွေးမပေးနိုင်၍ ညောင်လေးပင်မြို့နယ် ဗိုင်းနားရွာမှ လယ်သမားမိသားစု ဟင်းထဲအဆိပ်ခတ်စား သတ်သေခဲ့ကြောင်း မြို့ခံများမှဆို၏။

**ဧပြီ ၁၁၊ DVB ။ ။** မုန်တိုင်းကြောင့် သေဆုံးသူများအား သင်္ဂြိုဟ်ပေးမှုဖြင့် ၂၀၀၈ ဇွန်တွင် အဖမ်းခံခဲ့ရသူ ဒေါက်တာနေဝင်းနှင့် သံတော်ဆင့်ဂျာနယ်အယ်ဒီတာ ကိုအောင်ကျော်ဆန်းအပါအဝင် ၆ ဦးကို ယမန်နေ့က ထောင် ၂ နှစ်မှ ၄ နှစ်အထိ အသီးသီးချမှတ်ခဲ့ကြောင်း။

**ဧပြီ ၁၁၊ DVB ။ ။** ဧပြီ ၅ တွင် အဖမ်းခံ၊ ထောင်ပို့၊ ကတုံးတုံး၊ အရိုက်ခံရ ခလေးစုဆောင်းရေးသို့အပို့ခံရသူ ဒေါပုံမှ ၁၂ နှစ်ရွယ်ခန့်လူမမယ် ၆ ဦး မိဘများမှ တဦးကျပ် ငါးထောင်ဖြင့် ပြန်ရွေး၍ ယမန်နေ့က ပြန်လွှတ်လာ၏။ ဆယ်ဦးခန့်မလွှတ်လာဘဲ ရေနံချောင်း ခလေးစုဆောင်းရေးသို့အပို့ ခံခဲ့ရကြောင်း။

**ဧပြီ ၁၂၊ DVB ။ ။** ထိုင်းနိုင်ငံ မယ်လ ကရင်ဒုက္ခသည် စခန်းတွင် အစာအဆိပ်သင့်၍ ခလေးငယ်တဦးသေဆုံး၊ နှစ်ဦး အရေးပေါ်လူနာအဖြစ်တင်ထားရကြောင်း။

**ဧပြီ ၁၂၊ DVB ။ ။** ဘိုကလေးမြို့နယ်တွင် ငါးဖမ်းခွင့်လိုင်စင်များ နီးစပ်သူများသာရကာ ထိုသူများထံမှ လုပ်ကိုင်စားလိုသူများသည် ဈေးကြီးပေးဝယ်နေကြရကြောင်း။

**ဧပြီ ၁၂၊ BP ။ ။** နအဖသည် ရွေးကောက်ပွဲအတွက် ကြိတ်ကြံနေပြီး ကြေညာစရာများကို ကပ်၍ ကြေညာကာ ပြိုင်ဖက်များနှင့် ပြည်သူတို့ပြင်ဆင်ချိန်မရရန် အမှောင်ထဲမှ အကွက်ပြင်နေကြောင်း လယ်ရီဂျာဂင်မှ သတင်းဝေဖန်၏။

**ဧပြီ ၁၂၊ DVB ။ ။** NLD လွှတ်တော်ကိုယ်စားလှယ်များ စုံညီစွာတက်နိုင်မည့် ပါတီတွင်းအစည်းဝေးကို ဧပြီ ၂၈၊ ၂၉ တွင် ကျင်းပရန် NLD မှ စီစဉ်နေ၏။

**ဧပြီ ၁၃၊ VOA ။ ။** သင်္ကြန်ပွဲအကြိုနေ့တွင် ရန်ကုန် မန္တလေးတို့တွင် နေရာများစွာ၌ ရေစပက်ခြင်း၊ ဖျော်ဖြေမှုများ ရေကစားမဏ္ဍပ်များ စည်ကားနေ၏။

**ဧပြီ ၁၄၊ UN ။ ။** ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် နအဖအား ဖိအားပေးရန် အမေရိကန်လွှတ်တော်အမျိုးသမီးအမတ်၁၀ဦးမှ စုပေါင်းလက်မှတ်ထိုး၍ ကုလအတွင်းရေးမှူး ဘန်ကီမွန်းအားတိုက်တွန်း၏။

**ဧပြီ ၁၄၊ RFA ။ ။** ၁၉၈၉ သင်္ကြန်တွင် ကျောင်းသားခေါင်းဆောင်များ ဘာလိုလုပ်ရှားခဲ့သည်ကို ယခုသင်္ကြန်တွင် ကျောင်းသားများမှ တင်ပြမည်။

**ဧပြီ ၁၄၊ AFP ။ ။** ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာတို့တွင် ပြည်သူ့အဖွဲ့အစည်းမရှိခြင်း သို့မဟုတ် ပြောခြင်း တို့ကြောင့် စစ်တပ်သည်သာ အစိုးရအားဆန္ဒပြသူများအား လူစုခွဲနိုင်သော တခုတည်းသောစနစ်ကျသည့် အဖွဲ့ ဖြစ်စေ၍ စစ်တပ်ထောက်ခံမှုရသူသည် သာကြောင့် ဒေသခံနိုင်ငံရေးသမားများသိ၏။

**ဧပြီ ၁၄၊ RFA ။ ။** မန္တလေးတက္ကသိုလ်အနီး ကျောင်းသားများဖြင့် စည်ကားသော လက်ဖက်ရည်နှင့်စားသောက်ဆိုင်များကို ၃ ရက်အတွင်း ဖယ်ရန် စစ်တပ်မှအမိန့်ထုတ်ခဲ့ကြောင်း။

**ဧပြီ ၁၅၊ Aliran Online ။ ။** အာဆီယံသည် ရိုဟင်ဂျာပြဿနာကို မဖြေရှင်းနိုင်ခဲ့ကြောင်းနှင့်ဒုက္ခသည်တိုးပွားကာ ခိုလှုံသူများလာမည်ဟု Caram Asia မှဆို၏။

**ဧပြီ ၁၅၊ BRUSSELS ။ ။** ဧပြီ ၁ တွင် ဖမ်းဆီးခဲ့သော မြန်မာနိုင်ငံလွတ်လပ်စွာကုန်သွယ်မှုသမဂ္ဂ FTUB အဖွဲ့ ဝင် ၅ ဦးအား ပြန်လည်လွှတ်ပေးလိုက်ကြောင်း။

**ဧပြီ ၁၅၊ RFA ။ ။** မြန်မာ ရေဝတီတိုင်းသို့ စိုင်ကလုံး မုန်တိုင်းဖြန်နိုင်၍ ဒေသခံများစိုးရိမ်နေကြောင်း။

**ဧပြီ ၁၅၊ VOA ။ ။** အမေရိကန်အထက်လွှတ်တော် အမျိုးသမီး အမတ် ၁၀ ယောက်ထံက မြန်မာစစ်အုပ်စုအပေါ် တိုးပြီးဖိအားပေးဖို့တိုက်တွန်းတဲ့စာတစောင် ရရှိတယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဆိုပါတယ်။

**ဧပြီ ၁၆၊ Canberra Times ။ ။** နအဖသည် ရိုဟင်ဂျာဒုက္ခသည်များကိစ္စကို အခြားနိုင်ငံများနှင့် လက်တွဲဆွေးနွေးရန် အသွင်ဆောင်နေကြောင်း။

**ဧပြီ ၁၆၊ BALI ။ ။** ရိုဟင်ဂျာပြဿနာသည် မိမိတို့နှင့် မဆိုင်ကြောင်း ဘာလီအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ် ပြည်ထဲရေးဝန်ကြီးနှင့် ရဲချုပ်ဗိုလ်ချုပ်ခင်ရီမှဆို၏။

**ဧပြီ ၁၆၊ XNA ။ ။** မြန်မာသည် အခြားနိုင်ငံများနည်းတူ EMS နိုင်ငံတကာအမြန်စာပို့စနစ်သုံးတော့မည်ဖြစ်ကြောင်း၊ စာဘယ်ရောက်နေသည်ကို အင်တာနက်မှသိနိုင်၏။

**ဧပြီ ၁၆၊ RFA ။ ။** ဖဒိုမန်းရှာ၏သမီး မဇိုရာဖန်း(လန်ဒန်) မှ Little Daughter အမည်ဖြင့် ကိုယ်ရေးအတ္ထုပ္ပတ္တိ) ယနေ့စတင်ထုတ်ဝေ၏။

**ဧပြီ ၁၆၊ IndianCatholic ။ ။** Maria Learning Center သည် ထိုင်းရောက်မြန်မာကလေး ၃၉၃ ဦးအားငှင်း JRS သည် ၈၄၁ ဦးအားငှင်း ကျောင်းပညာများသင်ကြားပေးနေကြောင်း။

**ဧပြီ ၁၆၊ RFA ။ ။** နာဂစ်မုန်တိုင်းဒဏ်သင့် ကော့မှူးမြို့နယ်တွင် အိမ်များကောင်းမွန်စွာမပြင်ရသေးသော်လည်း အိမ်ခွန်များတိုးမြှင့်တောင်းခံနေကြောင်း။

**ဧပြီ ၁၇၊ RFA ။ ။** နိုင်ငံရင်ကြားစေ့ရေး လက္ခဏာအဖြစ် ဒေါ်အောင်ဆန်းစုကြည်အား မေလတွင်း ပြန်လွှတ်ရန် ဖိလစ်ပိုင်သမတ Gloria Arroyo မှ နအဖသို့တောင်းဆို၏။

**ဧပြီ ၁၇၊ DVB ။ ။** ဒေါပုံမှ အဲန်အဲလ်ဒီဝင်တဦးအိမ်ပြင်ရာ အဲန်အဲလ်ဒီဆိုင်းဘုတ်ရှိ၍ ပြင်ခွင့်ပိတ်ထား၍ မိုးရွာလည်း အမိုးမဲ့အိမ်တွင် နေရကြောင်း။

**ဧပြီ ၁၇၊ RFA ။ ။** ယနေ့နှစ်ဆန်းတရက်တွင် မိတ္ထီလာ၊ ပဲခူးနှင့် ရန်ကုန် အဲန်အဲလ်ဒီတို့မှ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး သက်ကြီးပူဇော်ပွဲနှင့် ငါးလွှတ်

စာမျက်နှာ ၁၂ သို့

# မုန်တိုင်းသင့်ဒေသတွင် အိမ်ခွန်များ တိုးမြှင့်ကောက်ခံလျက်ရှိ

**RFA ၊ ဧပြီ ၁၆ ။** ။ ပြီးခဲ့တဲ့မေလက တိုက်ခတ်ခဲ့တဲ့ နာဂစ်လေမုန်တိုင်း ကြောင့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်တွင်းက ပျက်စီးပြိုလဲခဲ့ရတဲ့နေအိမ်အတော်များများဟာ မိသားစုစီးပွားရေးအခက်အခဲတွေကြောင့် ပြန်လည်ဆောက်လုပ်နိုင်ခြင်းမရှိသေးချိန်မှာပဲ မြို့နယ်စည်ပင်သာယာရေးကနေပြီး တချို့ရပ်ကွက်တွေမှာ အိမ်ခွန်တွေကို လိုက်လံကောက်ခံနေတယ်လို့ သိရပါတယ်။

ကော့မှူးမြို့မှာရှိတဲ့ မြို့မ၊ မြို့သစ်၊ ဘုရားလမ်း၊ တောင်ပိုင်း စတဲ့ မြို့ပေါ် ၇ ရပ်ကွက်မှာရှိတဲ့ နေအိမ်တွေကိုသာ ကောက်ခံနေတာဖြစ်ပါတယ်။

စီးပွားရေးအဆင်မပြေမှုတွေကြောင့် အိမ်ခွန်မပေးနိုင်တဲ့သူတွေကိုတော့ စည်ပင်သာယာက အရေးယူမယ်ဆိုတဲ့အကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့တယ်လို့ ဒေသခံတဦးက အာရ်အက်ဖ်အေ ကို ပြောပါတယ်။

"အိမ်တွေကို ပြန်ပြီးတော့ မဆောက်နိုင်ကြသေးဘူး၊ နေဖြစ်သလိုလေးပေါ့၊ ကိုယ့်ဘာသာကိုယ်တဲပုတ်လေးတွေထိုးပြီးနေရတာ၊ အဲဒါတွေကို လာပြီးတော့ တောင်းတယ်၊ တောင်းလို့အဆင်မပြေတဲ့အခါကျတော့ စည်ပင်သာယာအက်ဥပဒေအရ အရေးယူလို့ရတယ်တဲ့၊ ဒီနာဂစ်ဖြစ်လို့ လာမကြည့်လို့ ဆိုတာ့ ငါတို့စည်ပင်သာယာနဲ့မဆိုင်ဘူးတဲ့၊ မယကနဲ့ ဆိုင်တာတဲ့၊ မယက က ဘာအပျက်အစီးအပြုအလဲမှမရှိဘူးဆိုပြီးတော့ အဲဒီလိုမျိုးပြောထားလို့ ဘယ်အကူအညီမှ မရတာလို့ ဆိုပြီးပြောတယ်၊ အဲဒီတော့ သူတို့နဲ့ မဆိုင်ဘူးတဲ့၊ သူတို့က အိမ်ရှိလို့ အိမ်ခွန်ကောက်တာတဲ့"။

ပြီးခဲ့တဲ့နှစ်တွေက တနှစ်အတွက် အိမ်ခွန် ကျပ် ၂၀၀ ကနေ ၄၀၀ အထိသာ ပေးဆောင်ခဲ့ရပေမဲ့ ဒီနှစ်မှာတော့ အိမ်အမျိုးအစားပေါ်မူတည်ပြီး အနည်းဆုံး ကျပ် ၈၀၀ အထက် ပေးဆောင်ရတယ်လို့လည်း ပြောပါတယ်။

"မြို့ပေါ် ၇ ရပ်ကွက်ကို သူတို့အကုန်လုံးလိုက်ပြီး အိမ်ခွန်ကောက်တယ်လေ၊ အိမ်တအိမ်ကို ၂၀၀၀ ကောက်တယ်၊ ၁၈၀၀ ကောက်တယ်၊ ၁၅၀၀ ကောက်တယ်၊ ၈၀၀ ဆိုတဲ့အိမ်က အနိမ့်ဆုံး၊ မြို့တိုင်နဲ့ သွပ်မိုးအိမ်ဆိုရင် ၂၀၀၀၊ မြို့တိုင်နဲ့ဓနိမိုးဆိုရင် ၁၈၀၀၊ အဲ အခု တောတိုင်ပေါ့၊ တောတိုင်နဲ့သွပ်မိုးဆိုရင် ၁၀၀၀–၁၅၀၀ ပေါ့၊ ဝါးအိမ်ဓနိမိုးဆိုရင် ၈၀၀၊ အဲဒါ အနိမ့်ဆုံးပဲ"။

နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီးနောက် အိမ်တွေပြန်လည်ဆောက်ဖို့အတွက် စစ်အစိုးရအာဏာပိုင်တွေနဲ့ အလှူရှင်တွေထံက အကူအညီမရတဲ့အပြင် မုန်တိုင်းကြောင့် ပျက်စီးသွားတဲ့နေအိမ်တွေကို ပြန်ဆောက်တဲ့အခါ မြို့နယ်စည်ပင်ကနေ ငွေကြေးထပ်မံကောက်ခံတာတွေရှိနေတယ်လို့ ဒေသခံက ဆက်ပြောပါတယ်။

"ပြိုလဲသွားတဲ့အိမ်တွေ၊ တချို့လည်း ပျဉ်ထောင်အိမ်ပေါ့၊ ပျဉ်ထောင်အိမ်ဆောက်တာကို သုံးသောင်းကောက်တယ်၊ လျှော့ပါဦးပြောတော့ ငါးထောင်ပဲလျှော့မယ်တဲ့၊ ကျန်တာမလျှော့နိုင်ဘူးဆိုပြီးတော့ နှစ်သောင်းငါးထောင်တောင်းတယ်၊ ဝါးအိမ်တွေဆောက်ရင်တော့ နှစ်သောင်းတို့ တသောင်းငါးထောင်တို့၊ နောက်သူတို့နဲ့ အဆင်ပြေတဲ့အိမ်ဆိုရင် မတောင်းဘူး၊ အဲဒါစည်ပင်သာယာက စာရေးမပေါ့၊ တောင်းတာလေ"။

ကော့မှူးမှာနေကြတဲ့ပြည်သူတွေဟာ စားပင်သောက်ပင် သီးနှံတွေနဲ့ ကွမ်းပင်တွေကို အများဆုံးစိုက်ပျိုးကြသလို တပိုင်တနိုင် ဆန်ကောဆန်ခါ ယက်လုပ်ရောင်းချတဲ့ လုပ်ငန်းတွေလုပ်ကိုင်နေပေမဲ့ စီးပွားရေးအနေအထားပုံမှန်ပြန်မရောက်သေးတော့ အခွန်ကောက်ခံမှုတွေအပေါ် ပေးဆောင်ဖို့ အခက်အခဲတွေဖြစ်နေတယ်လို့ သိရပါတယ်။

---

# ရွေးကောက်ပွဲအတွက်တာဝန်ယူရန်စစ်သားများအား ဗိုလ်ချုပ်ကြီးမောင်အေးတိုက်တွန်း

**VOB ၊ ဧပြီ ၁၁ ။** ။ မြန်မာစစ်အုပ်စုရဲ့ဒုတိယအကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမောင်အေးက နောင်နှစ်မှာကျင်းပဖို့ စီစဉ်ထားတဲ့ ရွေးကောက်ပွဲအောင်မြင်စေဖို့ တပ်မတော်သားတွေအနေနဲ့ တာဝန်ယူပါဆိုပြီး စစ်တပ်အရာရှိတွေကို တိုက်တွန်းပြောဆိုလိုက်တယ်ဆိုတဲ့အကြောင်းကို နအဖထိန်းချုပ် နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြထားပါတယ်။

မြန်မာ့အလင်းသတင်းစာထဲမှာ ဗိုလ်ချုပ်ကြီးမောင်အေးရဲ့ဗိုလ်သင်တန်းဆင်းပွဲတခုမှာပြောဆိုချက်ကို ဖော်ပြထားတဲ့အခါမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ စစ်တပ်အနေနဲ့တာဝန်ရှိတယ်ဆိုတာကို ပြည်သူတွေနဲ့ပူးပေါင်းပြီး ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်အောင်လုပ်ဖို့ဆိုတဲ့အချက်ကို အလေးပေးထားတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံကို စစ်အာဏာရှင်တွေအဖြစ်နဲ့ အုပ်ချုပ်နေခဲ့သူတွေထဲက တယောက်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမောင်အေးက တခြားနိုင်ငံတွေမှာ မတည်မငြိမ်မှုတွေနဲ့ရင်ဆိုင်နေရတယ်ဆိုတဲ့အကြောင်းနဲ့ ရွေးကောက်ပွဲအကြမ်းဖက်မှုတွေဖြစ်တယ်ဆိုတဲ့အကြောင်း၊ ဒီလိုဖြစ်ရတာကလည်း နိုင်ငံရေးပါတီတွေဟာ မဲရဖို့အတွက် တဖွဲ့နဲ့ တဖွဲ့တိုက်ခိုက်ကြလို့ပဲလို့ပြောပါသေးတယ်။ ဒီလိုဖြစ်တာကလည်း ဒီမိုကရေစီ မရင့်ကျက်သေးလို့ဆိုပြီးပြောတာကို သတင်းစာမှာ ဖော်ပြထားပါတယ်။

---

# ဘာလီလူကုန်ကူးတိုက်ဖျက်ရေးဆွေးနွေးပွဲတွင်ရိုဟင်ဂျာကိစ္စပါဝင်

**VOB ၊ ဧပြီ ၄ ။** ။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ဧပြီ ၁၄ နဲ့ ၁၅ ရက်တွေမှာ အာရှနဲ့ပစိဖိတ်ဒေသက နိုင်ငံပေါင်း ၄၀ တို့ဟာ လူကုန်ကူးမှုတိုက်ဖျက်နှိမ်နင်းရေးကိစ္စတွေကို ဆွေးနွေးခဲ့ရာမှာ မကြာသေးမီလများအတွင်းက ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတဲ့ ရိုဟင်ဂျာလူမျိုးတွေအရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ထိုင်းနိုင်ငံကိုရောက်သွားခဲ့တဲ့ လှေစီးဒုက္ခသည်တွေအရေး၊ မလေးရှားမှာရောက်နေတဲ့ဒုက္ခသည်တွေအရေးတွေကို လူကုန်ကူးမှုကိစ္စတွေနဲ့ဆက်စပ်ဆွေးနွေးခဲ့ကြပါတယ်။ ရိုဟင်ဂျာလှေစီးဒုက္ခသည်တွေကို ထိုင်းက ဆက်ဆံပြုမူခဲ့ပုံနဲ့ပတ်သက်ပြီး တကမ္ဘာလုံးက ပြစ်တင်ဝေဖန်ခဲ့ကြပြီး၊ အဲဒီဒုက္ခသည်တွေကို ဩစတြေးလျားက ဒေါ်လာ သန်းနဲ့ချီပြီး ကူညီပံ့ပိုးမှုအဖြစ်နဲ့ပေးမယ်လို့ သိရပါတယ်။

အဲဒီအစည်းအဝေးကို နအဖရဲ့ ထိပ်တန်းရဲအရာရှိကြီးတဦးက ဦးဆောင်

**တဘက်သို့**

---

**သတင်းပြက္ခဒိန်မှ**

ပွဲများကျင်းပ၏။

**ဧပြီ ၁၇ ၊ New Nation. DHAKA ။ ။** မြန်မာသည် ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည် ၂၈၀၀၀ အားပြန်လည်လက်ခံခေါ်ယူရန် ဘင်္ဂလားဒေ့ရှ်မှ မေတ္တာရပ်၏။

**ဧပြီ ၁၇ ၊ Mizzima ။ ။** မြန်မာမိုးလေဝသမှ သတိပေးကြေညာထားသည် ဆိုင်ကလုံးမုန်တိုင်းသည် ယနေ့စစ်တွေဖက်တွင် မိုးအဖြစ်စတင်ရွာသွန်းနေကြောင်း။

**ဧပြီ ၁၇ ၊ Irrawaddy ။ ။** အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးနေးလာ၍ မြန်မာ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၀၉ တွင် ပိုမိုသေးမိန်မည်ဟု အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှဆို၏။

**ဧပြီ ၁၇ ၊ AsiaTimes Online ။ ။** မြန်မာအပေါ် အမေရိကန်မှ ကျင့်သုံးမည့် ဆက်ဆံမှုမူအပေါ် တရုတ်သည် သတိချပ်အရိပ်ကြည့်နေကြောင်း Jian Junbo (ရှမ်းဟဲ တက္ကသိုလ် လက်ထောက်ပါမောက္ခမှ သတင်းဝေဖန်၏။

**ဧပြီ ၁၇ ၊ Irrawaddy ။ ။** မြန်မာကွန်မြူနစ်ပါတီအား တော်လှန်နိုင်ခဲ့မှု နှစ် ၂၀ ပြည့်အခမ်းအနားကို UWSA မှ ကျင်းပ၏။



# သတင်းတိုထွေဖတ်စရာကဏ္ဍ

ကျော်စံကျော်

## ကချင်မှသစ်တရုတ်ပြည်သို့ကူးခြင်း

ကချင်ပြည်နယ်မှ သစ်တွေကို တရုတ်စီးပွားရေးလုပ်ငန်းရှင်ကြီးတဦးက တရုတ်ပြည်တွင်းသို့ တင်သွင်းနေတာ ပြီးခဲ့တဲ့လကတည်းကလို့ သိရပါတယ်၊ မလိခမြစ်အရှေ့ဘက်ခြမ်းက ကျွန်းသစ်နဲ့ သစ်မာတွေကို အမြောက်အမြားခုတ်လှဲခွင့်ရဖို့ ဒေသဆိုင်ရာအာဏာပိုင်တွေကို ကျပ်သိန်းပေါင်းများစွာလာဘ်ထိုးကြတယ်လို့သိရပါတယ်။ ကချင်ပြည်နယ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းအနားမှာ သစ်ကုန်သည်တွေ အခုအခါပတ်ပတ်လည်နေပါတယ်။ **(KNG, 20.4.2009)**

## ရပ်သေးအရာရှိများအလိုရှိသည်

နအဖစစ်အုပ်စုဟာ ရွေးကောက်ပွဲကျင်းပဖို့ တဖြည်းဖြည်းနီးလာတာနဲ့ အမျိုးသားလူထုထောက်ခံမှုရရန် ကွင်းဆင်းစည်းရုံးမှုများကို ဖွံ့ဖြိုးရေးလုပ်ငန်းများ အကြောင်းပြပြီး လုပ်ကိုင်ကြဖို့နဲ့ သူတို့တွက်ဆထားတဲ့အတိုင်း အရပ်သားအစိုးရပေါ်လာရင် အဲဒါတွေကို ထောက်ပံ့ကူညီလုပ်ဆောင်ပေးမယ့်၊ ခိုင်းတာလုပ်မယ့် အရာရှိတွေကိုစည်းရုံးမွေးမြူထားဖို့ နေပြည်တော်ဝန်ကြီးဌာနအစည်းအဝေးညွှန်ကြားချက်ထုတ်ပြန်ထားတယ်လို့ သိရပါတယ်။ **(NEJ, 10.4.2009)**

## ဝန်ကြီးချုပ်ခရီးသတင်းနောက်ကျ

ထိုင်းနိုင်ငံတွင်း ဆန္ဒပြပွဲများသတင်းကို မြန်မာပြည်မီဒီယာများမှာ ဖော်ပြခွင့်ပိတ်ပင်ထားတဲ့အတွက် နအဖဝန်ကြီးချုပ်သိန်းစိန်ရဲ့ အာဆီယံအစည်းအဝေးခရီးကို ၇ ရက်နောက်ကျပြီးမှ ဖော်ပြခွင့်ရတယ်လို့ သိရပါတယ်။ နအဖခေါင်းဆောင်တွေဟာ သူတို့ရဲ့နိုင်ငံခြားခရီးစဉ်သတင်းတွေကို ဝေဝေဆာဆာနဲ့ ဝါဒဖြန့်ချိဖော်ပြလေ့ရှိပြီး ဒီတချီမှာတော့ ပြည်သူတွေက ထိုင်းဆန္ဒပြပွဲသတင်းတွေကိုပါ အမှန်အတိုင်းသိသွားနိုင်တာကြောင့် ဝန်ကြီးချုပ်လည်း သတင်းပိတ်တာခံလိုက်ရပါတယ်။ **(NEJ,VOB, 20.4.2009)**

## အာဆီယံရဲ့ကျရှုံးမှုတခု

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးရဲ့သီးခြားဆွေးနွေးပွဲတွေမှာ ရိုဟင်ဂျာဒုက္ခသည်အရေးကို ထိထိရောက်ရောက်နဲ့ ကိုင်တွယ်နိုင်ခဲ့ခြင်းမရှိပါဘူး၊ နအဖက ကနဦးမှာ ရိုဟင်ဂျာတွေကို ပြန်လက်ခံမယ်လို့ ပြောခဲ့ပေမဲ့၊ သူတို့တတွေဟာ ဘင်္ဂါလီဖြစ်တယ်ဆိုတာ သက်သေပြဖို့လိုမယ်လို့ ဆိုပါတယ်။ ကျယ်ပြန့်လာနေတဲ့ ရိုဟင်ဂျာကိစ္စကို အာဆီယံကလည်း ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ **(ALIRAN ONLINE, VOB, 15.4.2009)**

**တဘက်မှ**

တက်ရောက်ခဲ့ပြီး ရိုဟင်ဂျာလူမျိုးတွေနဲ့ပတ်သက်တဲ့ နအဖရဲ့ရပ်တည်ချက်ကို ပြောင်းလဲမှုမရှိကြောင်းပြသခဲ့ပါတယ်။ ဆွေးနွေးပွဲတက်ရောက်လာသူတွေက ရိုဟင်ဂျာတွေကို ပြန်လက်ခံဖို့ မြန်မာအာဏာပိုင်တွေကို တိုက်တွန်းခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံသားအဖြစ် အထောက်အထားခိုင်လုံမယ်ဆိုရင် လက်ခံဖို့ရာရှိတယ်ဆိုတဲ့သဘောမျိုးကို နအဖဘက် တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

လူကုန်ကူးလုပ်ငန်းတွေဟာ စီးပွားရေးအခက်အခဲနဲ့ အလုပ်အကိုင်အခက်အခဲတွေကြောင့် ပေါ်ပေါက်လာတာက အဓိကအကြောင်းရင်းဖြစ်ပါတယ်။ အဲဒီကနေတဆင့် ရာဇဝတ်မှုတွေဖြစ်၊ လူသားဆိုင်ရာပြဿနာတွေဖြစ်လာပြီး နိုင်ငံတကာအရေးကိစ္စအဆင့်ကိုရောက်ရှိလာတာဖြစ်ပါတယ်။ ဒ့ါအပြင် ဖိနှိပ်မှုတွေကလည်း လူကုန်ကူးမှုလုပ်ငန်းတိုးတက်များပြားလာစေဖို့ အားပေးရာရောက်နေတာမို့ ပြဿနာရဲ့အရင်းအမြစ်ကိုပါ ဖြေရှင်းနိုင်ရေးဟာ အထူးအရေးပါလှပါတယ်။

## စံပြုစရာနိုင်ငံဖြစ်လာပြီ

ဖီဂျီကျွန်းနိုင်ငံလေးရဲ့အခြေအနေယိုယွင်းလာနေမှုဟာ မြန်မာနိုင်ငံလိုပဲ ဖြစ်လာနေပြီဆိုတဲ့နှိုင်းယှဉ်မှုတွေ ထွက်ပေါ်လာနေပါတယ်။ ၂၀၀၆ က စစ်တပ်က အာဏာသိမ်း၊ စာနယ်ဇင်းတွေကို ကန့်သတ်ချုပ်ချယ်၊ ဥပဒေရေးရာချိုးဖောက်မှုများပြုလုပ်နေတဲ့အတွက် အခုလိုနှိုင်းယှဉ်ခံရတာပါ။ **(NZ HERALD, 14.4.2009)**

## နယ်စပ်ဆက်သွယ်ရေးပြန်သုံးသပ်မည်

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်က အိန္ဒိယနိုင်ငံ အင်ဖားနှင့် မန္တလေးကို ဆက်သွယ်ပြေးဆွဲမည့်ဘတ်စ်ကားလိုင်းအစီအစဉ်ကို ပြန်လည်သုံးသပ်မှာဖြစ်သလို ကုလားတန်စီမံကိန်းဖြစ်တဲ့ စစ်တွေဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းတွေကို သုံးသပ်ပြီး ဒီနှစ်ကုန်မှာ လက်တွေ့လုပ်ငန်းအကောင်အထည်စတင်ဖော်နိုင်အောင်လုပ်မယ်လို့ ဆိုပါတယ်။ **(THE TELEGRAPH, 10.4.2009)**

## မူးယစ်ဆေးရောင်းဝယ်သူဖမ်းဆီး

နအဖစစ်အုပ်စုက မတ်လအတွင်းမှာ မူးယစ်ဆေးရောင်းဝယ်သူ ၃၆၈ ဦးကိုဖမ်းဆီးခဲ့ပြီး စိတ်ကြွဆေး သုံးသန်းကျော်ကို သိမ်းဆည်းရမိတယ်လို့ ကြေညာပါတယ်။ ၂၀၁၄ မှာ မြန်မာပြည်ဟာ မူးယစ်ဆေးကင်းတဲ့တိုင်းပြည်ဖြစ်ရမယ်လို့ ကြေညာထားတဲ့နအဖရဲ့အခုလိုကြေညာချက်နဲ့ အမေရိကန်က မြန်မာပြည်ဟာ မူးယစ်ဆေးနှိမ်နင်းမှုတွေကို ထိရောက်အောင်မလုပ်ဘူးလို့ကြေညာချက်နဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုဖြစ်နေပါတယ်။ **(AFP, VOB, 11.4.2009)**

## မော်လမြိုင်ကလုပ်ကြံသတ်ဖြတ်မှု

နအဖနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ မွန်ပြည်သစ်ပါတီက ခရိုင်အဖွဲ့ဝင်တဦးဖြစ်တဲ့ အသက် ၄၀ အရွယ် ဒေါက်တာမင်းနောင်ဟာ ဧပြီ ၁၈ ရက်နေ့ညနေပိုင်းက မော်လမြိုင်မှာရှိတဲ့ ဘဏ်တခုကနေ ငွေကျပ် ၁၈ သိန်းထုတ်ယူပြီး ကမာဝက်ကို မော်တော်ဆိုင်နဲ့အပြန် လမ်းမှာ အမည်မသိလူတဦးက နောက်ကျောကနေ သေနတ်နဲ့ပစ်လို့ သေဆုံးသွားခဲ့ ပါတယ်။ ငွေကို ယူသွားတာမျိုးမရှိဘူးလို့လည်း သိရပါတယ်။ **(MIZZIMA, 20.4.2009)**

## ပြည်တွင်းစစ်အတွင်းကဘဝအကြောင်း

လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ ကေအဲန်ယူခေါင်းဆောင် ဖဒိုမန်းရှာရဲ့သမီးလည်းဖြစ်၊ မြန်မာ့အရေးလှုပ်ရှားသူတဦးလည်းဖြစ်တဲ့ ဇိုရာဖန်း ရဲ့ Little Daughter ဆိုတဲ့ ကိုယ်တိုင်ရေးအထုပ္ပတ္တိကို ဧပြီ ၁၅ ရက်နေ့က ဖြန့်ချိလိုက်ပါတယ်။ မြန်မာပြည်ရဲ့ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ဒေသတွင်း ကြီးပြင်းလာခဲ့တဲ့သူ့အတွေ့အကြုံတွေကို အခြေခံပြီး မြန်မာပြည်အကြောင်းရေးထားတာဖြစ်ပါတယ်။ **(RFA, 16.4.2009)**

# မိုးမိတ်ဒေသသင်္ကြန် အလွန်ငွေများသဖြင့် လူထုမကျေမနပ်ဖြစ်

**RFA ၊ ဧပြီ ၁၁ ။** ။ ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်မြို့ပေါ်နဲ့ မြို့နယ်တွင်း ကျေးရွာအားလုံးမှာ သင်္ကြန်ပွဲအတွက် လွန်ခဲ့တဲ့တပတ်ကတည်းကစပြီး အာဏာပိုင်တွေက သင်္ကြန်ကြေးဆိုပြီး ကောက်ခံနေပါတယ်။ ပြည်သူလူထုက တအိမ်ကို အနည်းဆုံး ၅၀၀၀ အများဆုံး တသောင်းလောက်အထိ ထည့်ကြရပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ဒေသခံတယောက်က အခုလိုပြောပါတယ်။

“မယက ကညွန့်ကြားလို့ အဲဒီမှာရပ်ကွက်ဥက္ကဌတွေပေ့ါ။ အိမ်တိုင်းကို သင်္ကြန်ကြေးဆိုပြီး ပိုက်ဆံကောက်တယ်၊ ပြီးတော့ ကံစမ်းမဲထဲမှာ ဆိုင်ကယ်ပါတယ်၊ တီဗွီပါတယ်၊ ကံစမ်းမဲတစောင် ၅၀၀ မယူမနေရ၊ တအိမ်ဆိုရင် လက်မှတ်က အနည်းဆုံး ၆ စောင် ၇ စောင်လောက်ကျသွားပြီး၊ တချို့လုပ်ငန်းရှင်တွေဆိုရင် ၁၀ စောင်လောက်အထိ ဝယ်ရတယ်၊ ကုန်သည်တွေ၊ ပွဲစားတွေ၊ ဈေးသည်တွေပေ့ါ၊ ရိုးရိုးသာမန်တွေကျတော့ ၂ စောင် အနည်းဆုံးပေ့ါ၊ ရပ်ကွက်တော့ မယူမနေရ တအိမ် ၂ စောင်ပေ့ါ၊ ပြီးရင် အခွန်ဦးစီးဌာနကနေ ရောင်းတယ်၊ ပြီးရင် စည်ပင်ကလည်းရောင်းတယ်၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်းရောင်းသေးတယ်၊ သိန်း ၂၅၀ ဖိုးလောက်လက်မှတ်ရောင်းမယ်၊ ပြီးရင် သိန်း ၅၀ ဖိုးလောက်ပဲ ပြန်ပေးမယ်“

သင်္ကြန်နဲ့ပတ်သက်လို့ တအိမ်ကို အနည်းဆုံး ၁၀၀၀၀ ကျော်လောက်ပေးရပြီး အဲဒီငွေဟာ ဒေသတွင်းက သာမန်လူတန်းစားတွေအတွက်တော့ အတော်လေးရှာရခက်တဲ့ငွေဖြစ်ပါတယ်၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့မှာလည်း သင်္ကြန်ပွဲအတွက် ငွေကောက်ခံနေပေမဲ့ မိုးမိတ်လောက်တော့ မများဘူးလို့ နမ့်ခမ်းမြို့ခံတယောက်က ပြောပါတယ်။

“တအိမ်ထောင်ကို တထောင် နှစ်ထောင်နဲ့ ပိုရင် ပိုပါစေလေ၊ ပိုရင်ကြိုက်လေပေ့ါ၊ ရဝတ က ကောက်ခိုင်းတာ သူတို့က ဗဟိုမဏ္ဍပ်ပဲ ဦးစားပေးတာကိုး“၊

မိုးမိတ်မှာတော့ သင်္ကြန်ကြေးအပြင် ကြက်ဆူစိုက်ပျိုးရေးစီမံကိန်းအတွက်လည်း လစဉ်လိုလို ငွေကောက်ခံနေတယ်လို့ မိုးမိတ်ဒေသခံကပဲ ပြောပါတယ်။

“ကြက်ဆူဆိုတာက တလခွဲတကြိမ်၊ ၂ လတကြိမ်လောက် အမြဲတမ်းပဲ ကြက်ဆူမျိုးဖိုးဆိုပြီး မယကခိုင်းလို့ဆိုပြီးတော့ ကောက်တယ်၊ အခုထိတောင် မပြတ်သေးဘူး၊ ရပ်ကွက်ဥက္ကဌတွေပြောတာက တိုင်းမှူးက ကောက်ခိုင်းလို့ ပြောတယ်၊ အဲဒါအခုအချိန်အထိ ကောက်နေတုန်းပဲ၊ ကြက်ဆူမျိုးစေ့ဖိုးဆိုပြီး။ နောက်ပြီးတော့ အိမ်မှာလည်း စိုက်ရသေးတယ်၊ မစိုက်နိုင်ဘူးဆိုရင် ရပ်ကွက်ရုံးကို ကြက်ဆူဖိုးဆိုပြီး ပေးရသေးတယ်။

မိုးမိတ်မြို့မှာ မြို့ပေါ် ၄ ရပ်ကွက်နဲ့ ကျေးရွာပေါင်း ၈၀ လောက်ရှိပါတယ်၊ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းလို့ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါတယ်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပါတယ်၊ စီးပွားရေးမပြေလည်တဲ့ကြားထဲက အခုလိုအခွန်အတုပ်များတဲ့အတွက် ဒေသခံတွေ အခက်အခဲတွေ့ကြောင်း သူက ပြောပါတယ်။

“မပြေလည်ဘူး၊ မိုးမိတ်ဆိုတာက သစ်ခုတ် ဝါးခုတ် ဒီလိုပဲ လုပ်ကြရတယ်၊ သစ်ခုတ်တယ်ဆိုတာက ကျွန်းသစ်တွေရှိတာမဟုတ်ဘူး၊ အိမ်သုံးသစ်လေးပေ့ါဗျာ၊ မျောတိုင်တို့ မီးသွေးဖုတ်တာတို့ပေ့ါ၊ မိုးတွင်းဆို စပါးစိုက်တယ်၊ နွေဆိုရင် ပဲစဉ်းငုံတို့ နှမ်းတို့ပဲရှိတယ်၊ စီးပွားရေးတအားကျပ်နေတဲ့အချိန်ဆိုတော့ ခွဲတမ်းမပေးဘူးဆိုရင် ရုံးခေါ်ပြီး ခြိမ်းခြောက်တာ၊ ရဝတတွေကတော့ ဘယ်သူမှ မကျေနပ်ကြဘူးလေ၊ သင်္ကြန်ကြေးကလည်း ဤခွဲတမ်းများတယ်ဗျယ၊ လူကြီးတွေက သုံးတာက သိန်း ၅၀ လောက်ဆိုရင် ၁၀၀ လောက်ဘိုးလောက် ဘုံးကြတယ်ဗျာ၊ တနှစ်တည်းမဟုတ်ဘူး၊ နှစ်စဉ်––– နှစ်စဉ်။

---

**စာမျက်နှာ ၁၅ မှ**

ဆိုတာက ပြည်သူက ထမင်းကျွေးတာလေ၊ ဆိုတော့ ကျေးဇူးရှင်တွေက ပြည်သူပဲ ဖြစ်သင့်ပါတယ်၊ သူတို့က ဂီတကနေ အဖွဲ့တွေဖွဲ့၊ မြို့နယ်တွေမှာအဖွဲ့အစည်းတွေဖွဲ့၊ သူတို့မူဝါဒအတွက် ဆော်ဩနိုင်းတဲ့လူတွေ၊ စည်းရုံးခိုင်းတဲ့လူတွေအဖြစ် ဆောင်ရွက်တာက အနုပညာသမားတယောက်အနေနဲ့ပြောရရင် သက်သက်အနိုင်ကျင့်တာပဲလို့ ကျနော်ကတော့ မြင်တယ်ဗျ၊ ပြည်တွင်းမှာရှိတဲ့အနုပညာသမားတွေက ဘယ်သူမှတော့ လိုလိုလားလားလုပ်ပေးချင်စိတ်မရှိကြပါဘူး။ အားလုံးကတော့ ရွံမုန်းနေကြတာလေ၊ ဒါပေမဲ့ အာဏာတွေ၊ ပါဝါတွေနဲ့ နှိပ်စက်ထားတော့ အနိုင်ကျင့်ထားတော့ သူတို့လည်း မလုပ်ချင်ပေမဲ့ လုပ်ပေးနေရတာ၊ စိတ်မပါပဲလုပ်ပေးနေရတာ“

တကယ်လို့ အစိုးရပေါ်လစီမူဝါဒအတိုင်း မလုပ်ဆောင်တဲ့ စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာသည်တွေကို အာဏာပိုင်တွေက နည်းအမျိုးမျိုးနဲ့ ကန့်သတ်ပိတ်ပင်တတ်ပါတယ်။

အလားတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပုံအတည်ပြုခဲ့တဲ့ ၁၉၇၄ ခုနှစ်တုန်းကလည်း အစိုးရပေါ်လစီကို အကောင်အထည်ဖော်နိုင်ဖို့ သဘင်၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်တွေကို နိုင်ငံအနှံ့ အသုံးပြုခဲ့ပါတယ်။

---

# သင်္ကြန်တာဝန်ကျရဲအရာရှိကို စစ်တပ်က ဝိုင်းရိုက်

**RFA ၊ ဧပြီ ၁၆ ။** ။ ရေနံချောင်းက သင်္ကြန်တွင်းရန်ပွဲတခုမှာ ဝင်ရောက်ဖျန်ဖြေခဲ့တဲ့ ရဲအရာရှိတဦးကို စစ်တပ်က ဝိုင်းရိုက်တဲ့အတွက် ဆေးရုံတင်လိုက်ရပြီး ဒီကနေ့အထိ အတွင်းလူနာအဖြစ်နဲ့ ကုသခံနေရဆဲလို့ မျက်မြင်သက်သေတွေက ပြောပါတယ်။

ရန်ပွဲဟာ ရေနံချောင်းမြို့မှာ လူအစည်းကားဆုံးမဏ္ဍပ်ဖြစ်တဲ့ Golden Petro မှာ သင်္ကြန်အကျနေ့မနက်ပိုင်းက အရပ်သားနဲ့ အရပ်ဝတ်စစ်သားတို့ ခိုက်ရန်ဖြစ်ချိန်မှာ ရဲအရာရှိက ဝင်ရောက်ဖျန်ဖြေခဲ့တာက စတာပါ၊ ရေနံချောင်းမြို့က မျက်မြင်သက်သေတဦးက အခုလိုပြောပြပါတယ်။

“အရပ်သားတချို့နဲ့ ရန်ဖြစ်တာပေ့ါ၊ ရန်ဖြစ်တော့ ရဲက ဝင်ဖျဉ်တာပေ့ါ၊ တဘက်က အရပ်သား၊ တခြားတဘက်က အရပ်ဝတ်နဲ့စစ်သားဖြစ်နေတယ်၊ စစ်သားက မကျေနပ်ဘူး၊ ဒီတော့ တပ်ကိုပြန်ပြီး စစ်ဗိုလ်နှစ်ယောက်ဦးစီးပြီးတော့ စစ်သား ၂၈ ယောက်နဲ့ ပြန်လာပြီး ခုနက ရန်ပွဲဖျဉ်တဲ့ ဒုလုံခြုံရေးမှူး ဝင်းမင်းထွန်းဆိုတဲ့ကောင်ကို ထုတ်ပေးဆိုပြီး ဝိုင်းရိုက်ပစ်ကြတာပေ့ါဗျာ၊ ခေါင်းတွေကွဲပြီးတော့ အတွင်းလူနာအဖြစ်နဲ့ ရေနံချောင်းဆေးရုံကြီးမှာရောက်နေတယ်“

အခုလို စစ်တပ်က အုပ်စုနဲ့ဝင်ရိုက်ပြီးတဲ့နောက် မဏ္ဍပ်ကို စစ်တပ်က ပိတ်လိုက်ပြီး ယူနီဖောင်းဝတ်စစ်သားတွေက ဝိုင်းထားတဲ့အကြောင်း ရပ်ကွက်တွင်းနေ ပြည်သူတွေကလည်း ပြောပါတယ်။

“ရေကစားတာလည်းပျက်တယ်၊ နောက်တော့ အဲဒီရုံးကလူတွေကိုလည်း မဝတရုံးခေါ်ပြီးစစ်တယ်လို့ ပြောတယ်၊ မဏ္ဍပ်က ဆက်မဖွင့်တော့ဘူး၊ ည ပြန်လာတဲ့အချိန်မှာလည်း မရှိဘူး“

အခင်းဖြစ်ပွားတဲ့ ညောင်ပိုင်း ရပ်ကွက်တွင်းက ပြည်သူတဦးပြောပြတာပါ။

ဒီကိစ္စနဲ့ပတ်သက်ပြီး အရိုက်ခံရတဲ့ ဒုလုံခြုံရေးမှူး ဝင်းမင်းထွန်းတာဝန်ထမ်းဆောင်ရာ ညောင်ပိုင်းရဲစခန်းကိုဆက်သွယ်မေးမြန်းတဲ့အခါ တာဝန်မှူးမရှိကြောင်းသာ ပြန်လည်ဖြေကြားပါတယ်။ ရေနံချောင်းဆေးရုံကြီးကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ တာဝန်ကျဆရာမတဦးက အခုလိုဖြေပါတယ်။

“ကျမတို့က တာဝန်ကျဆရာမဆိုတော့ ပြောပိုင်ခွင့်မရှိဘူး၊ သိလည်းမသိဘူး၊ တာဝန်ခံဆရာဝန်တွေမှ သိမှာလေ၊ သူကတော့ ရှိနေဆဲပဲ”။

လာရောက်ရိုက်နှက်သွားတဲ့စစ်တပ်ဟာ ရေနံချောင်းအခြေစိုက် တပ်မ ၈၈ လကအောက်ခံတပ်ရင်း ၇၇ က ဖြစ်တယ်လို့ စုံစမ်းသိရပါတယ်။

# ထောင်ဆေးမှူးကုသမှုများ၏ မစုစုနွေးကျန်းမာရေးအခြေအနေဆိုးဝါး

**DVB ၊ ဧပြီလ ၁၁ ။** ။ ကလေးထောင်မှာ အကျဉ်းကျခံနေတဲ့ လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးဟာ ပြီးခဲ့တဲ့ မတ်လတုန်းက ထောင်ဆေးမှူးရဲ့ မှားယွင်းတဲ့ ဆေးကုသမှုဒဏ်ကြောင့် သတိလစ်ပြီး ထောင်ပြင်ဆေးခန်းအထိ ပြသခဲ့ရတယ်လို့ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ အစ်မဖြစ်သူ မဌေးဌေးကြည်က ပြောပါတယ်။

ဧပြီလ ၇ ရက်နေ့က ကလေးအကျဉ်းထောင်က မစုစုနွေးကို အစ်မဖြစ်သူ မဌေးဌေးကြည်က ထောင်ဝင်စာသွားတွေ့စဉ် ခုလို သိလိုက်ရတာပါ။ ထောင်ဝင်စာတွေ့ချိန်မှာ မစုစုနွေးရဲ့ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်နေပြီလို့ ဆိုပါတယ်။ မတ်လ ၁၆ ရက်နေ့က မစုစုနွေး သတိလစ်မေ့မျောသွားတဲ့အထိ အစောင့်ဝန်ထမ်းတွေ အနားမှာမရှိတဲ့ အခြေအနေတွေနဲ့ အခုလောလောဆယ် မစုစုနွေးရဲ့ကျန်းမာရေးအရလိုအပ်တာနဲ့ ထောင်ပိုင်ရုံးကို အရေးပေါ် ဆက်သွယ်နိုင်အောင် အင်တာကွန်း ဖုန်းတလုံး စီစဉ်ပေးထားတဲ့ အခြေအနေတွေကို မဌေးဌေးကြည်က ပြောပါတယ်။

"ကျန်းမာရေးမကောင်းလို့ ဝန်ထမ်းတွေကို ခေါ်တော့ ခေါ်မရဘူးတဲ့။ သံဇကာကို ၁၀ ချက် ၁၅ ချက် လောက်ထုတာတောင် မလာဘူး။ အရေးကြီးလို့ ခေါ်တာကို ဘာလို့မလာလဲလို့ဆိုတော့ သူတို့ အိပ်ပျော်နေလို့တဲ့။ ဒါနဲ့ သူက ထောင်ပိုင်ကို စာတင်တော့ အရေးကြီးရင်၊ ရောဂါဖြစ်ရင်ခေါ်ဖို့ ဖုန်းချပေးထားတယ်တဲ့။ သူ့ကိုတယောက်တည်းထားတော့ သူဖြစ်တဲ့အခါမှာ ကျမကစိုးရိမ်တာ။ သူ့ရဲ့နှလုံးက ဖြိုးခနဲ ဖြတ်ခနဲဖြစ်တတ်တယ်။ အခုသူက တော်တော် လေးစိတ်ကို တင်းခံထားနေလို့။"

ဖေဖော်ဝါရီ ၂၀ ရက်နေ့ကတည်းက မစုစုနွေးဟာ စိတ်ဒေါသဖြစ်မှုကြောင့် သတိလစ်ပြီးကတည်းက ကျန်းမာရေးမကောင်းဖြစ်နေတာကို ထောင်ဆေးမှူး ကျော်ကျော်ထွန်းက သာမန်သွေးပေါင်ချိန်ပြီး စိတ်ငြိမ်ဆေးတိုက်ခဲ့တာကြောင့် နောက်ဆုံး ဆေးရုံပို့တဲ့အထိဖြစ်သွားရတဲ့ အခြေအနေကိုလည်း မဌေးဌေးကြည်က ပြောပါတယ်။

"ဖြစ်တဲ့အချိန်ကို သူရောဂါဖြစ်တော့ ဆေးမှူးက သွေးပေါင်တော့ အမြဲလာချိန်တယ်။ ချိန်တော့ တနေ့ချိန်လည်း ၁၂၀–၉၀။ နောက်နေ့ အင်္ကျီအထူကြီးဝတ်ပြီးချိန်တော့ဒီလိုပဲဆိုတော့ 'မဖြစ်နိုင်ဘူး၊ ကျမ တခုခု ဖြစ်နေတယ်နော်၊ ကျမကိုယ် ကျမသိတယ်၊ ရှင်ချိန်တာမဟုတ်ဘူး' အဲ့လိုပြောလိုက်တော့၊ သူဆေးတောင်းတော့ ဆေးလာပို့တယ်။ ဆေးကလည်း စိတ်မနှံ့တဲ့လူတွေကိုတိုက်တဲ့ စိတ်ငြိမ်ဆေးသဘောမျိုးတိုက်တယ်တဲ့။ သူက နှလုံးရောဂါရှိတော့ အဲ့ဒီဆေးသောက်လိုက်တဲ့အခါမှာ ဆေးနဲ့နှလုံးနဲ့မတည့်တဲ့အချိန်လည်းကျရော တကိုယ်လုံးတုန်လာပြီး သတိလစ်သွားတာ။ အဲ့ဒါ သူ့ကိုပွေ့ချီပြီးဆေးခန်းကို သွားပြတာ။"

ဆေးမှူးကျော်ကျော်ထွန်းကို ဆေးမှားတိုက်တဲ့အတွက် အရေးယူပေးခဲ့တယ်လို့ သိရကြောင်း မဌေးဌေးကြည်က ပြောပါတယ်။ မစုစုနွေး ဒီလိုအခြေအနေမျိုး နောက်ဖြစ်မှာကို စိုးရိမ်တာကြောင့် အင်းစိန်ထောင်ဆီပြန်လည်ပြောင်း
~~ရွှေ့ပေးဖို့ ကလေးထောင်တာဝန်ရှိသူတွေဆီကို စာတင်ထားခဲ့ပြီလို့ဆိုပါတယ်။~~

---

# မူးယစ်ဆေးကင်းသော ဝ ဒေသ ဖြစ်ကြောင်း အတည်ပြုပြောဆို

**RFA ၊ ဧပြီ ၁၇ ။** ။ ဧပြီလ ၁၇ ရက်နေ့မနက်ပိုင်းက UWSA ဝ ပြည်နယ်မှာ ငြိမ်းချမ်းရေးနေ့ နှစ် ၂၀ ပြည့်အဖြစ် ပွဲတခုကျင်းပရာမှာ ညွှန့်ပရိသတ် ၃ သောင်း ကျော်တက်ရောက်ခဲ့ပြီး ဝ ခေါင်းဆောင် ပေါက်ယူချမ်း က ဝ ပြည်နယ်မှာ မူးယစ်ဆေးလုံးဝကင်းစင်ကြောင်း ထပ်မံကြေညာသွားတယ်လို့ သိရပါတယ်။

ဒီပွဲကို စစ်အစိုးရအရာရှိများလည်း တက်ရောက်ခဲ့ကြပါတယ်။ စစ်ရေးပြအခမ်းအနားတခုလည်းပါဝင်ပြီး အင်အား ၃ ထောင်နီးပါးရှိတဲ့ ဝ တပ်တွေက စစ်ရေးပြခဲ့ကြတယ်လို့ အခမ်းအနားတက်ရောက်သူတဦးက အခုလိုပြောပါတယ်။

"တပ်သားတွေကိုစုပြီးတော့ တပ်ရင်းတရင်းကို ဘယ်နှစ်ယောက်၊ ဘယ်နှစ်ယောက်ဆိုပြီးတော့၊ သတ်မှတ်ထားတယ်။ အထူးဒေသ ၁ က စစ်သေနာပတိချုပ်က ပေါက်ယူချမ်းပေ့ါ။

အခမ်းအနားကို တန့်ယန်း၊ ရမခ နဲ့ ရွှေတြိဂံနယ်မြေက စစ်အစိုးရအရာရှိတွေ တက်ရောက်သလို အပစ်အခတ်ရပ် တိုင်းရင်းသားအဖွဲ့များ၊ရဲဘော်ဟောင်းများ၊ ယူနန်ပြည်နယ်က အငယ်တန်းခေါင်းဆောင်တချို့လည်း တက်ရောက်ကြပါတယ်။ ဝခေါင်းဆောင် ပေါက်ယူချမ်းက UWSA အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုလိုလားသလို ဝ ပြည်တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေတာဖြစ်တယ်လို့လည်း ပြောဆိုသွားပါတယ်။

ဒီအခမ်းအနားကို ယူနန်ပြည်နယ်က သတင်းသမား အတော်များများလည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

# ၂၀၁၀ရွေးကောက်ပွဲအကြို ဂီတသမားတွေကိုစည်းရုံး

**VOA ၊ ဧပြီ ၇ ။** ။ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအပါအဝင် စစ်အစိုးရ ရဲ့ လမ်းပြမြေပုံအဆင့်ဆင့်ကို အကောင်အထည်ဖော်ရာမှာ ဂီတပညာရှင်တွေကို သုံးဖို့ မြို့နယ်တိုင်းမှာ ဂီတအစည်းအရုံးတွေဖွဲ့စည်းနေပြီဖြစ်ပါတယ်။

မြန်မာစစ်အစိုးရရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ အောင်မြင်ဖို့ဝါဒဖြန့်တဲ့နေရာမှာ ဂီတအစည်းအရုံး(ဗဟို)ရဲ့ညွှန်ကြားချက်နဲ့ နိုင်ငံအဝှမ်းမြို့နယ်တိုင်းမှာ ဂီတအစည်းအရုံးတွေ ဖွဲ့စည်းလာခဲ့တာဟာ အခုချိန်မှာ တနိုင်ငံလုံးနီးပါးဖွဲ့စည်းပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) တာဝန်ရှိသူတယောက်က မြို့နယ်ဂီတအစည်းအရုံးတွေရဲ့ရည်ရွယ်ချက်ကို အခုလိုရှင်းပြပါတယ်။

"ဖွဲ့စည်းပါတယ်ခင်ဗျ။ မြို့နယ်နည်းနည်းတော့ ကျန်သေးတာပေ့ါနော်၊ ဒါပေမဲ့ ဆက်ဖွဲ့မှာပါ၊ အားလုံးပြီးအောင် ဖွဲ့မှာပါခင်ဗျ၊ ပထမ ဖွဲ့စည်းတာပေ့ါနော်၊ ပြီးလို့ရှိရင် ကျနော်တို့က တိုးချဲ့ဖွဲ့စည်းရေးကိစ္စ၊ နောက်တခု အဖွဲ့ဝင်အားလုံးက ကျနော်တို့ရဲ့အမျိုးသားတေးဂီတ ထိန်းသိမ်းမြှင့်တင်ရေးပေ့ါနော်၊ နောက် နိုင်ငံတော်ရဲ့လမ်းစဉ်၊ ဦးဆောင်မှုတွေကို ဆက်လက်အကောင်အထည်ဖော်ရေးပေ့ါ၊ ဒီလောက်ပဲ ကျနော်တို့လုပ်တာ၊ ကျန်တာတော့ အသေးစိတ် မစသေးပါဘူး"။

အခုလိုမြို့နယ်ဂီတအစည်းအရုံးကို ၂၀၀၇ နှစ်လယ်ပိုင်းကစပြီး ဖွဲ့စည်းလာခဲ့တာဖြစ်ပါတယ်။ မြို့နယ်ဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ ဂီတ(ဗဟို)တာဝန်ရှိသူက အခုလိုရှင်းပြပါသေးတယ်။

"ဗဟိုမှာ အလွှာ ၅ လွှာရှိတယ်လေ၊ ဒီလိုပဲ မြို့နယ်မှာလည်း အလွှာ ၅ လွှာပေ့ါနော်၊ ဂီတပညာရှင်တွေပါဝင်အောင်စုစည်းပါတယ်၊ ကာလပေါ်အလွှာ၊ မဟာဂီတအလွှာ၊ ထုတ်လုပ်ဖြန့်ချိရေးအလွှာ၊ စက်မှုအလွှာ၊ ခေတ်ပေါ်စတီရီယိုအလွှာပေ့ါနော်၊ အဲဒီက ပုဂ္ဂိုလ်တွေနဲ့ပါဝင်အောင် ကျနော်တို့ ဖွဲ့စည်းပေးတာပါခင်ဗျ"

ပြည်ပရောက် သီးလေးသီး ဆေးရောင်စုံအငြိမ့်အဖွဲ့ခေါင်းဆောင် ဂေါ်ဇီလာက အခုလိုလုပ်ဆောင်မှုတွေဟာ အနုပညာရှင်တွေကို အတင်းအကျပ်စေခိုင်းနေတာဖြစ်တယ်လို့ ဝေဖန်လိုက်ပါတယ်။

"ဒါက ဘာကိုရည်ရွယ်သလဲဆိုတော့ သူတို့အာဏာတည်မြဲရေးအတွက် အနုပညာရှင်တွေကို အသုံးချတာပဲလို့ မြင်တယ်၊ တကယ်တမ်းအနုပညာသမားဆိုတာက သူတိုအာဏာတည်မြဲရေးအတွက် အသုံးချလို့မရဘူး၊ အနုပညာသမား

စာမျက်နှာ ၁၄ သို့

# မြန်မာ နိုင်ငံအနောက်မြောက်ပိုင်း မုန်တိုင်းကြောင့် ရေကြီးနိုင်ဟု နာဆာသတိပေး

**VOA । ဧပြီ ၁၈ ။** ။ ဘီဂျလီ လေပြင်းမုန်တိုင်းဟာ စနေနေ့ မနက်ပိုင်း စောစောပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နားက ဖြတ်ကျော်ပြီး မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ချင်းပြည်နယ်ထဲကို ဝင်ရောက်နေပါပြီ။

ချင်းပြည်နယ်ကနေ ဒီမုန်တိုင်းဟာ တဖြည်းဖြည်း အားပျော့လာနိုင်ဖွယ်ရှိပြီး စစ်ကိုင်းတိုင်းကို ဖြတ်ပြီး တနင်္ဂနွေနေ့မှာ တရုတ်နိုင်ငံထဲကို ဝင်ရောက်ဖို့ရှိတယ်လို့ဆိုပါတယ်။ မုန်တိုင်းသွားရာလမ်းကြောင်းတလျှောက်မှာ ရေကြီးမယ့်အန္တရာယ်ကို သတိထားကြဖို့ အမေရိကန် အာကာသလေ့လာရေး နာဆာအဖွဲ့ရဲ့ မုန်းတိုင်းလေ့လာစောင့်ကြည့်နေသူက ပြောပါတယ်။

ဆိုင်ကလုန်း ဘီဂျလီဟာ စနေနေ့မနက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းနားကနေ ဖြတ်ကျော်ပြီး အရှေ့မြောက်အရပ်ကို ဦးတည်ရွေ့လျားသွားနေရာကနေ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းကို အဝင်မှာ အရှိန်အနည်းငယ် လျော့ပါးသွားမယ်လို့ အင်တာနက် ကမ္ဘာ့ရာသီဥတု စောင့်ကြည့်လေ့လာရေးအဖွဲ့ Iccuweather က ပြောပါတယ်။ ဒီမုန်တိုင်းတိုက်ခိုက်ရာ လမ်းကြောင်းတလျှောက်မှာ မိုးရေချိန်လက်မ ၁၀ လက်မအထက်မှာ ရွာသွန်းနိုင်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းနဲ့ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းက ပင်လယ်ပြင်မှာ လှိုင်းလုံးတွေဟာ အမြင့်ပေ ၃ ပေကနေ ၆ ပေအထိ စနေနေ့မှာ ရှိနေနိုင်တယ်လို့ဆိုပါတယ်၊ ဒါ့အပြင် ကွက်ကျား လေဆင်နှာမောင်းတိုက်ခတ်မှုတွေလည်း ဖြစ်ပွားနိုင်တယ်လို့ပြောပါတယ်။

မြန်မာစံတော်ချိန် စနေနေ့မနက် ၃ နာရီအချိန်က ထုတ်ပြန်တဲ့ ဟာဝိုင်အီကျွန်းက Pearl Harbor မှာရှိတဲ့ အမေရိကန်ရေတပ် ပူးတွဲမုန်တိုင်းသတိပေးရေးဗဟိုဌာနရဲ့ မုန်တိုင်းသတိပေးချက်ထဲမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းထဲ ဝင်ရောက်သွားတဲ့ မုန်တိုင်း ဘီဂျလီဟာ အတော်ကို အားပျော့သွားမယ်လို့ ဖော်ပြပါတယ်၊ ဘင်္ဂလားဒေ့ရှ်ကနေ အိန္ဒိယနိုင်ငံအရှေ့ပိုင်းကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံထဲကို ဝင်ရောက်ချိန်မှာ သတိပေးရမယ့် ပြင်းအားအဆင့် ၃၅ နော့ချ်မှာ မရှိတော့ဘူးလို့ဆိုပါတယ်။ ဒါ့အပြင် ဒီသတိပေးချက်ဟာ နောက်ဆုံးသတိပေးချက်လို့လည်း ဖော်ပြပါတယ်။ အမေရိကန် အာကာသလေ့လာရေး နာဆာရဲ့ ဂေါဒတ် Goddard မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့တာဝန်ခံ Robert Gutro ကတော့ မုန်တိုင်းရဲ့ပြင်းအား လျော့ပါးသွားပေမယ့် မိုးရွာသွန်းမှုအခြေအနေဟာ ပြင်းထန်တာမို့ ရေကြီးမယ့်အန္တရာယ်ကို သတိထားသင့်တယ်လို့ပြောပါတယ်။

"နာဆာနဲ့ ဂျပန် အာကာသ အေဂျင်စီတို့ရဲ့ TRMM ဂြိုလ်တု တိုင်းတာရေးအရဆိုရင် အပူပိုင်းဆိုင်လုန်း ဘီဂျလီဟာ ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းဒေသနဲ့ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းဒေသတွေမှာ မိုးကြီးစေနိုင်ပါတယ်။ အခုလောလောဆယ် တနာရီကို ၂ လက်မနှုန်းနဲ့ ရွာနေတဲ့အပြင် ပင်လယ်ပြင်မှာလည်း လှိုင်းကြီးတာမို့လို့ ကမ်းရိုးတန်းဒေသမှာ နေသူတွေအတွက် ရေကြီးမယ့် အန္တရာယ်ကို သတိထားသင့်ပါတယ်၊ တောင်တန်းဒေသတွေမှာတော့ မိုးကြီးလို့ မြေပြိုမယ့် အန္တရာယ်ရှိနေပြီး မုန်တိုင်းဖြတ်သန်းတဲ့အချိန်တွေမှာ ခရီးမသွားသင့်ပါဘူး"။ နာဆာ အာကာသသိပ္ပံယာဉ် အပူပိုင်းဒေသ မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့ တာဝန်ခံ Robert Gutro ပြောပြတာဖြစ်ပါတယ်။

# ဓာတ်ငွေ့ရှာဖွေရေးမှ တားမြစ်ကန့်သတ်ချက်များကို နအဖ ပြန်စဉ်းစားစေလို

**DVB । ဧပြီ ၁၇ ။** ။ မြန်မာနိုင်ငံတွင် တိုင်းပြည်ရဲ့ သဘာဝအရင်းအမြစ်များမှာ ထည့်ဝင်ထားမှုများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်းနဲ့ သက်ဆိုင်တဲ့ လတ်တလော တားမြစ်ကန့်သတ်ချက်များကို လာမယ့်အနာဂတ်မှာ လျော့ချရန် ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးနဲ့ ထုတ်လုပ်ရေး လုပ်ငန်းများမှာ လုပ်ကိုင်နေတဲ့ ကုမ္ပဏီများက မျှော်လင့်နေပါတယ်။

"ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရှာဖွေဖော်ထုတ်ရေးလို စွန့်စားရတဲ့ စီးပွားရေးလုပ်ငန်းများမှာ အဆိုပါစွန့်စားရမှုများနဲ့ လုပ်ငန်းဆက်လက်လည်ပတ်နိုင်မှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် ပိုင်ဆိုင်မှုများ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းသည် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အရေးကြီးတဲ့ အချက်တခုဖြစ်တယ်လို့ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေတဲ့ နိုင်ငံခြားရေနံကုမ္ပဏီတခုနဲ့ နီးစပ်တဲ့ ရင်းမြစ်တခုမှ ပြောဆိုခဲ့ပါတယ်။

ကမ်းလွန်နဲ့ ကုန်းတွင်း နှစ်မျိုးစလုံးရှိ လုပ်ကွက်များမှာ ထည့်ဝင်လုပ်ကိုင်နေတဲ့ ပိုင်ဆိုင်မှုများ လက်လွှဲရောင်းချခြင်းကို တိုက်ရိုက်ပိတ်ပင်တဲ့ ဥပဒေတရပ်ကို စစ်အုပ်စုရဲ့ စွမ်းအင်ဝန်ကြီးဌာနမှ ပြီးခဲ့တဲ့ စက်တင်ဘာလက ထုတ်ပြန်ခဲ့ပါတယ်။

ဒီအကျိုးဆက်တွေကြောင့် ရှာဖွေဖော်ထုတ်မှုများမှာ သုံးစွဲနေမှုများကို လျော့ကျစေကြောင်းနဲ့ ကုန်ကျစရိတ်ကြီးမားလတဲ့ အဲဒီလုပ်ငန်းများမှာ ယေဘုယျအားဖြင့် ကုမ္ပဏီများသည် ရှာဖွေခြင်းနဲ့တူးဖော်ခြင်းတို့မှာ အဆိုပါကုန်ကျစရိတ်များကို မျှကုန်ကျခြင်း၊ ဒါမှမဟုတ် ထည့်ဝင်ထားတဲ့ ရှယ်ယာများကို ဖလှယ်ခြင်းတို့ကို ပြုလုပ်ရကြောင်း အဲဒီအရင်းအမြစ်က ထည့်သွင်းပြောဆိုပါတယ်။

"ဒီလုပ်ငန်းဟာ အရင်းအနှီးနဲ့ နည်းပညာကို အဓိကထား ဦးစားပေးပြီး လုပ်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် တိုင်းပြည်မှာ နိုင်ငံခြားကုမ္ပဏီများအပေါ် အားထားခြင်းမှလွဲ၍ အခြားရွေးစရာလမ်းမရှိဘူး၊ ဒါကြောင့် အစိုးရအနေဖြင့် ၎င်းတို့၏ တားဖြစ်ကန့်သတ်ထားမှုများကို ပြန်လည်စဉ်းစားသင့်ကြောင်း ကျွမ်းကျင်သူတဦးက ပြောပါတယ်။

တွင်းတတွင်း ရှာဖွေဖော်ထုတ်မှု၏ ကုန်ကျစရိတ်သည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်းမှ သန်း ၃၀ အထိရှိပြီး ပထဝီအနေအထားဆိုင်ရာ လေ့လာသုတေသနပြုမှုမှာ ကြိုတင်လုပ်ဆောင်ထားမှုများရှိနေပေမယ့်လည်း အောင်မြင်မှုမှာ အမြဲတမ်းမသေချာပါ။ ရှယ်ယာလွှဲပြောင်းရောင်းချမှုများကို ဆက်လက်တားမြစ်ပိတ်ပင်ထားခြင်းသည် အနာဂတ်မှာ ရေနံသဘာဝဓာတ်ငွေ့ရှာဖွေဖော်ထုတ်မှုများကို လျော့ကျသွားစေမှာဖြစ်ပြီး အကျိုးဆက်အနေနဲ့ ရင်းမြစ်အသစ်များ ရှာဖွေတွေ့ရှိမှုနဲ့ ကုမ္ပဏီ၏ဝင်ငွေကိုလည်း လျော့ကျသွားစေမှာဖြစ်ကြောင်း လောင်စာစွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူက ပြောပါတယ်။

ပီအက်စီ ခေါ် ရှယ်ယာထည့်ဝင် ပူးတွဲထုတ်လုပ်ရေး ကန်ထရိုက်စနစ်ကို နိုင်ငံတကာမှာ ကျယ်ပြန့်စွာအသုံးပြုနေပြီး ထည့်ဝင်ထားတဲ့ ရင်းနှီးမြှုပ်နှံထားမှုများကို နိုင်ငံခြားကုမ္ပဏီများ အချင်းချင်းအကြား ရောင်းချခြင်း ဖလှယ်ခြင်းကို ခွင့်ပြုထားတယ်လို့ဆိုပါတယ်။ သို့သော် မြန်မာနိုင်ငံမှာ အဲဒီလို လဲလှယ်ခြင်းကို ပိတ်ပင်ထားတဲ့အတွက် ထိုင်း ပီတီတီအီးပီသည် တရုတ် စီအင်အိုအိုစီနဲ့ လဲလှယ်မယ့် အကျိုးစီးပွားတခုကို ဖျက်သိမ်းလိုက်ရကြောင်း အခုနှစ် ဖေဖော်ဝါရီလမှာ ထိုင်း ပီတီတီအီးပီမှ ထုတ်ပြန်တဲ့ ကြေညာချက်မှာဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးလုပ်ကိုင်နေတဲ့ အခြားသော နိုင်ငံခြားမှ လောင်စာစွမ်းအင်ဆိုင်ရာ ကုမ္ပဏီများဖြစ်တဲ့ တောင်ကိုရီးယား ဒေဝူး၊ အင်တာနေရှင်နယ်ပြင်သစ် တိုတယ်၊ အမေရိကန် ရှယ်ဗရွန်၊ ဂျပန် နိပ္ပွန် အွိုင်းလ်နဲ့ မလေးရှား ပက်ထရိုနာ့စ် တို့လည်း အကျုံးဝင်သည်၊ မြန်မာနိုင်ငံသည် ၂၀၀၆–၀၇ ဘဏ္ဍာရေးနှစ်မှာပင် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂.၁၆ ဘီလီယံ ဝင်ငွေရရှိခဲ့တယ်၊ ဒီကိန်းဂဏန်းသည် ၁၀၀၉–၁၁ တို့တွင် ရခိုင်ကမ်းရိုးတန်းနဲ့မုတ္တမပင်လယ်ကွေ့မှထွက်ရှိမယ့် သဘာဝဓာတ်ငွေ့များကိုပါ ထည့်သွင်းပါက နှစ်ဆတိုးလာဖွယ်ရှိနေပါတယ်။

# မွန္ကေလးတကၠသိုလ်အနီးရှိ ဆိုင်ခန်းများ အမြန်ပြောင်းဖို့ အမိန့်ထုတ်

**RFA ၊ ဧပြီ ၁၄ ။** ။ မန္တလေးတက္ကသိုလ်နားမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကတည်းက ကျောင်းသားတွေနဲ့စည်ကားခဲ့တဲ့ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေကို ၃ ရက်အတွင်းအဲဒီနေရာကနေဖယ်ရမယ်ဆိုတဲ့ အမိန့်ကိုသက်ဆိုင်ရာစစ်တပ်က ထုတ်ပြန်ပြီးဖျက်ခိုင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဲဒီဆိုင်ခန်းတွေ တည်ထားတဲ့မြေကို တပ်ရင်း ၇၆ ကပိုင်တယ်လို့ဆိုပြီး လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေကို အငှားချထားတာပါ။ ဈေးဆိုင်တည်ချင်သူတွေက လစဉ်ကြေးပေးရပြီး ဆိုင်ခန်းကို ကိုယ်တိုင်ဆောက်ဖွင့်လှစ်ခဲ့ကြရာက စည်ကားလာခဲ့ပါတယ်။ အခုတော့ ဆိုင်ခန်းရှင်တွေကို လုံလောက်တဲ့အချိန်မပေးပဲ ဖျက်သိမ်းခိုင်းတာလို့ သိရပါတယ်။

ဒါနဲ့ပတ်သက်ပြီး မန္တလေးမြို့ခံတဦးက အခုလိုပြောပါတယ်။

“နဂိုကတော့ ၇၆ တပ်ရင်းရှိတဲ့နေရာပေါ့။ ဆိုင်ခန်းတွေငှားထားတာပေါ့နော်။ တပ်ကိုလခပေးရတာ။ အဲဒီတပ်ဝန်းကျင်မှာရှိတဲ့ ပုဂ္ဂလိက ဆိုင်တွေအားလုံး ဖယ်ခိုင်းတယ်။

ဘာကြောင့် ဖျက်ခိုင်းတယ်ဆိုတာတော့ တိတိကျကျမသိရပေမယ့် အဲဒီနားမှာ အသစ်ဖွင့်ဖို့ ပြင်ထားတဲ့ ဓါတ်ဆီနဲ့ သဘာဝဓါတ်ငွေ့ဆိုင်တခုကိုတော့ ဖျက်ခိုင်းတာမတွေ့ရဘူးလို့ စောစောက မြို့ခံကပဲဆက်ပြောပါတယ်။

အတည်မပြုရတဲ့ သတင်းတခုကတော့ အဲဒီတပ်နေရာကို ပုဂ္ဂလိက ကုမ္ပဏီတခုက ဝယ်လိုက်ပြီလို့ကြားတယ်လေ။ အဲဒီနေရာမှာ ဓါတ်ဆီတို့ ဒီဇယ်တို့ ဘာတို့ ထည့်လို့ရတဲ့ စတေရှင်ကြီးတခုပေါ့နော်။ အတော့်ကိုကြီးပါတယ်။ ဖွင့်မလို့ လုပ်ထားတုန်းပေါ့နော်။ အဲဒီဧရိယာထဲမှာပဲ။ အဲဒီတခုကတော့ မဖယ်ခိုင်းဘူး။

စစ်အုပ်စုအာဏာသိမ်းခဲ့တဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်တပ်နဲ့ ရဲဌာနတွေက နိုင်ငံတဝန်းမှာ ကိုယ့်ဌာန ရန်ပုံငွေရ မြေလွတ်တွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ငှားရမ်းတာတွေရှိခဲ့ပါတယ်။ အဲဒီလိုပဲ မကြာခဏဆိုသလို စီမံခန့်ခွဲ အပြောင်းအလဲပြုလုပ်လေ့ရှိပြီး ဆိုင်ခန်းတွေဖျက်ခိုင်းတာတွေလည်း ရှိပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေက မြို့အတော်များများမှာ ရဲစခန်းတွေက သူတို့ငှားရမ်းထားတဲ့ ဆိုင်ခန်းတွေဖျက်ခိုင်းတဲ့ သတင်းတွေလည်း RFA က ကြေညာခဲ့ပါတယ်။ အခုလို စစ်အုပ်စုအာဏာပိုင်တွေက မကြာခဏစီမံခန့်ခွဲမှုပြောင်းလေ့ရှိတဲ့အတွက် မြန်မာနိုင်ငံမှာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ရတာ အတော်ခက်ခဲတယ်လို့ ပြည်သူတွေက ဝေဖန်ပြောဆိုလေ့ရှိပါတယ်။

---

# ကလေး ၅ ဦး အစာဆိပ်သင့် တဦးသေ

**DVB ၊ ဧပြီလ ၁၂ ။** ။ ထိုင်းနိုင်ငံ မဲဆောက်မြို့က မယ်လ ကရင်ဒုက္ခသည်စခန်းမှာ အစာအဆိပ်သင့်တာကြောင့် ကလေးငယ်တဦးသေဆုံးခဲ့ရပြီး ကလေးနှစ်ဦး အရေးပေါ်လူနာအဖြစ် တင်ထားရပါတယ်။

မဲဆောက်မြို့မြောက်ဘက်ရှိ မယ်လ ကရင်ဒုက္ခသည်စခန်း ဇုံ (ဘီ) ရပ်ကွက် ၂ မှာ ဒီလ ၁၀ ရက်နေ့ နေ့ခင်း တနာရီလောက်မှာ ပဲကြော် ကြော်စားရာကနေ အစာအဆိပ်သင့်ခဲ့ကြတာ ဖြစ်ပါတယ်။ အသက်ငါးဆယ်အရွယ် အမျိုးသမီးတဦးနဲ့ ငါးနှစ်အရွယ်ခန့်ရှိတဲ့ ကလေးငါးဦးတို့ဟာ ပဲကြော်စားပြီးတဲ့နောက် တနာရီခန့်အကြာမှာ အန်ချင်သလိုဖြစ်လာကြတဲ့အတွက် မယ်လစခန်းတွင်း ဆေးရုံကို ပို့ဆောင်ခဲ့ပါတယ်။ ဒီအကြောင်းကို မယ်လဒုက္ခသည်စခန်း ဆေးရုံအုပ် ကိုနေဆန်းက ခုလို ပြောပြပါတယ်။

“သူ့အမေက မုန့်တွေကြော်ပေးလိုက်တယ်။ စားပြီး ၂ နာရီလောက်အကြာမှာ ကလေးက တက်တယ်။ တက်တော့ ဆေးရုံမှာလာပို့တယ်။ ကလေး ၅ ယောက် စားမိတယ်။ အမေကတော့ နည်းနည်းပါးပါးစားတယ်။ ကလေးကစားတာများတော့ များများဖြစ်တာပေါ့။ ဒီရောက်တော့ အတက်ကျဆေးပေးလည်း မကျဘူး။ ဒါနဲ့ မဲဆောက်အရေးပေါ်ကိုပို့တယ်။ တယောက်ဆုံးသွားတယ်။”

မဲဆောက်ဆေးရုံမှာ စောရင်အေးအမည်ရှိ ၅ နှစ် အရွယ်ကလေးတဦးသေဆုံးခဲ့တယ်လို့ ကိုနေဆန်းက ပြောပါတယ်။ အကြော်ကြော်စားရာမှာ သုံးစွဲတဲ့အသုံးအဆောင်တွေကို စစ်ဆေးဖို့ မဲဆောက်ဆေးရုံပို့ထားကြောင်းနဲ့ စစ်ဆေးတွေ့ရှိချက်ကို မသိရသေးဘူးလို့ ကိုနေဆန်းက ပြောပါတယ်။ အခုကလေးနှစ်ဦးဖြစ်တဲ့ စာအေး နဲ့ နော်အိအိစိုးတို့ဟာလည်း အသက်အန္တရာယ်စိုးရိမ်ရပြီး အရေးပေါ်ဆောင် မှာတင်ထားရတယ်လို့ ကိုနေဆန်းက ပြောပါတယ်။

ပြန်သက်သာလာတဲ့ အကြော်ကြော်သူ အမျိုးသမီးကတော့ အကြော်ထဲမှာ ဆော်ဒါ မှုန့်တောင် မထည့်ဘူးလို့ပြောပါတယ်။ မယ်လစခန်းကော်မတီအတွင်းရေးမှူးကိုအော်နာက သူတို့ကြော်စားတဲ့ဆန်မှုန့်တွေဟာ သုံးလေးလကြာပြီဖြစ်လို့ပဲနဲ့ရောပြီးကြော်စားရာမှာ ခုလိုဖြစ်တာဖြစ်နိုင်တယ်လို့ပြောပါတယ်။ အခုအခါမှာ ဆန်မှုန့်ကြိတ်စက်တွေကို မကြိတ်ဘဲ ယာယီရပ်နားထားဖို့ညွှန်ကြားထားတယ်လို့ သူက ပြောပါတယ်။ မယ်လဒုက္ခသည်စခန်းမှာ ဒုက္ခသည် စုစုပေါင်း ငါးသောင်းခန့် ခိုလှုံနေကြပါတယ်။

---

# အင်းလေလံများကို ဒေသခံတွေ မရ

**DVB ၊ ဧပြီလ ၁၂ ။** ။ နာဂစ်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွား ခံစား ခဲ့ရတဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်က မြစ်ချောင်းအင်းအိုင်တွေမှာ ငါးဖမ်းခွင့် လိုင်စင်တွေကို ဒေသခံရေလုပ်ငန်းရှင်တွေမရကြဘဲ နီးစပ်သူတွေဆီကနေ ဈေးကြီး ပေးဝယ်နေကြရပါတယ်။

ဧရာဝတီတိုင်းမှာရှိတဲ့ မြစ်ချောင်းအင်းအိုင်းတွေမှာ ငါးဖမ်းခွင့် ပါမစ်တွေကို ဧပြီ ၇ ရက်နေ့က ဒေသခံရေလုပ်ငန်းရှင်တွေမသိရဘဲ နီးစပ်ရာတွေကိုသာ နေပြည်တော်မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာနက ချပေးခဲ့တာပါ။ ချပေးရာမှာလည်း စစ်တပ်အသိုင်းဝိုင်းနဲ့ အာဏာပိုင်အသိုင်းအဝိုင်းကလူတွေသာရပြီး အမှန်တကယ်လုပ်ကိုင်နေတဲ့ ဒေသခံရေလုပ်ငန်းရှင်တွေမရကြပါဘူး။

“နေပြည်တော်ကနေ ချပေးလိုက်တဲ့ လူစာရင်းကို တင်ပေးလိုက်တယ်။ ၂၀၀၀ လောက်က တပ်မတော်ဝန်ထမ်းတွေကယူသွားပြီး ကျန်တာကတော့ ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကယူသွားတယ်” လို့ ဒေသခံတဦးက ပြောပါတယ်။ ဘိုကလေးမြို့နယ်မှာတင် မြစ် ချောင်းအင်းအိုင် ၂၀၀ ကျော်ရှိပြီး မြန်မာတပြည်လုံး အတိုင်းအတာအားဖြင့် အင်းလေလံ နှစ်ထောင်ကျော်ချပေးခဲ့တာလို့လည်း သူကဆိုပါတယ်။ နာဂစ်မုန်တိုင်းအပြီး ကာလတုန်းက မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဧရာဝတီတိုင်း ရေလုပ်ငန်းရှင်တွေ ထိခိုက်နစ်နာမှုတွေ များပြားလှတဲ့အတွက် ဒီနှစ်လေလံပွဲမှာ လုပ်ငန်းရှင်တွေရအောင် လုပ်ပေးမယ်လို့ ပြောခဲ့ဖူးတယ်လို့လည်း ဘိုကလေးမြို့ ရေလုပ်ငန်းရှင်တဦးက ပြောပါတယ်။

“ဒီနှစ်က အောက်ခြေရေလုပ်ငန်းရှင်တွေ နာကြည်းတယ်ဆိုတာက ဝန်ကြီးက နာဂစ်ဖြစ်ပြီး ၁၉ ရက်နေ့မှာ ရောက်လာတယ်။ လုပ်ငန်းရှင်တွေရော ရေလုပ်သားတွေပါခေါ်ပြီး အစည်းအဝေးခေါ်တယ်၊ ရေလုပ်သားတွေနစ်နာတဲ့အတွက် လာမယ့်နှစ်မှာ ချောင်းတွေကို လျှော့က်ပါ၊ သူ အကူအညီပေးပါ့မယ်လို့ကွပ်ကဲရေးရုံးခန်းမမှာ ခေါ်ပြီး ကျကျနနပြောတယ်။ အဲလိုပြောတဲ့အချိန်မှာ သစ်တောရေးရာဝန်ကြီး ဗိုလ်ချုပ်သိန်းအောင်လည်းပါတယ်။ တကယ့်တကယ် လျှောက်တဲ့အခါကျတော့ မပေးတော့ဘဲနဲ့ တပ်ရင်းတပ်ဖွဲ့တွေကိုပဲ ပေးတော့တယ်။ ဒေသတွင်းမှာရှိတဲ့ မြစ်ချောင်းအင်းအိုင်တွေမှာ ငါးဖမ်းခွင့်တွေကို လိုင်စင်နဲ့သက်မှတ်လိုက်တဲ့အတွက် ဒေသခံရေလုပ်ငန်းရှင်တွေသာမက တံငါအလုပ်ကို လုပ်ကိုင်စားသောက်တဲ့အခြေခံလူတန်းစားတွေရဲ့ဝမ်းရေးတွေတောင် ပိုမိုအခက်တွေ့လာပြီလို့ ဘိုကလေးမြို့မှ ရေလုပ်ငန်းရှင်တွေက ဒီဗွီဘီကို ပြောပါတယ်။

# ၁၂ နှစ်အောက် ကလေးငယ်များကို နည်းအမျိုးမျိုးနှင့် နှိပ်စက်ဖမ်းဆီး

**DVB ၊ ဧပြီလ ၁၁ ။** ။ ဒီလ ၅ ရက်နေ့က အဖမ်းခံခဲ့ရတဲ့ ရန်ကုန်တိုင်း ဒေါပုံမြို့ က ကလေး ၆ ဦး မနေ့က ပြန်လွတ်လာပါတယ်။ ပြန်လွတ်လာတဲ့ ကလေး ၆ ဦး ကတော့ ဒေါပုံမြို့ ဗိုလ်ထွန်းစံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းကဖြစ်ပြီး ရပ်ကွက် ဘုန်းကြီးကျောင်းအလှူကအပြန် သူတို့ ၆ ဦးကို စည်ပင်ရဲက စည်းရုံးခေါ်ဆောင် သွားကာ ဒေါပုံမြို့နယ် ရဲစခန်းမှာ ချုပ်ထားခဲ့တယ်လို့ ပြန်လွတ်လာတဲ့ ကလေးတွေ က ပြောပါတယ်။

ကလေးတွေပျောက်နေလို့ မိဘတွေက ရဲစခန်းသွားတိုင်တော့မှ ကလေးစုဆောင်းရေးစခန်းကို ပို့လိုက်ပြီဆိုတာ သိရတာပါ။ ကလေးတွေရဲ့ မိဘတွေက တဦးကို ၅ ထောင်နဲ့ ရွေးလို့ မနေ့ညနေက ပြန်လွတ်ခဲ့တာပါ။ သူတို့အဖွဲ့ အလှူက ထမင်းစားပြီးအပြန်မှာ စည်ပင်ရဲက ဘုရားလိုက်ပို့မယ်၊ ထမင်းလည်းကျွေးမယ်ဆိုပြီး ခေါ်သွားရာမှာ ရဲစခန်းကို ရောက်သွားပြီးနောက် ကလေးထောင်ကို ရောက်သွားရတယ်လို့ အဖမ်းခံရတဲ့အထဲမှာပါတဲ့ အသက် ၁၀ နှစ်အရွယ် အမက ၁၂ မှာ လေးတန်းတက်နေတဲ့ ကျောင်းသား အောင်ကိုဦးက ပြောပါတယ်။

“ထောင် ရောက်ရောက်ချင်း ကတုံးတုံးပြီးတော့ တီဗွီကြည့်ခိုင်းပြီး ဆူလို့တဲ့ ရိုက်တယ်။ ဆူတဲ့ကလေးတွေက အော်ပြေးသွားတာ သားတို့ထင်ပြီး ထပ်ရိုက်တယ်။ ပဲကုလားဟင်း တပန်းကန်ပဲ ကျွေးတယ်။ ကြမ်းပြင်မှာ ခေါင်းအုံးမပါဘဲအိပ်ရတယ်။ ဂျပိုးတွေရော၊ ခြင်တွေရော ကိုက်တယ်။ သားတို့စိတ်ထဲမှာ ဝမ်းနည်းတယ်၊ ငိုတယ်။”

အခုလို ပြန်လွတ်လာလို့ ဝမ်းသာပေမယ့် ပြန်မလွတ်သေးတဲ့ သူ့ရဲ့ သူငယ်ချင်း ၁၀ ယောက်ကို ရေနံချောင်းကိုပို့လိုက်တဲ့အတွက် စိတ်မကောင်းဘူးလို့ အောင်ကိုဦးက ပြောပါတယ်။

“သားတို့သူငယ်ချင်းတွေကို အပြစ်မရှိဘဲနဲ့ ဖမ်းတယ်။ သားတို့ကျတော့ ဆော့တာလည်းဖမ်းတယ်၊ အမေက ဟင်းဝယ်ခိုင်းတာလည်းဖမ်းတယ်၊ ဘောလုံးကန်တာလည်း ဖမ်းတယ်တဲ့။ ဘာပဲလုပ်လုပ် ဖမ်းတယ်တဲ့ တောင်းစားလည်း ဖမ်းတယ်တဲ့။”

ပြန်လွတ်လာတဲ့သူတွေကတော့ အောင်ကိုဦး ၁၀ နှစ်၊ အောင်မင်းသူ ၇၊ နှစ်၊ ရဲကိုကို ၈ နှစ်၊ သူရအောင် ၁၀ နှစ်၊ ကျော်ကျော်ဦး ၇ နှစ်နဲ့ နောက်တဦးဖြစ်ပါတယ်။ ကလေးတွေပြန်လွတ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့တဲ့ ဒေါပုံမြို့ခံ တဦးက ၇ ရက်နေ့က နာနတ်တော ကလေးထိန်းသိမ်းရေးမှာ အသက် ၁၂ နှစ်အောက်အရွယ် ကိုရင်နဲ့ မယ်သီလရှင်တွေကိုလည်း မြင်တွေ့ခဲ့ရတယ်လို့ ပြောပါတယ်။

“ကိုရင်တွေ မယ်သီလရှင်တွေဆိုရင်လည်း အကုန်လုံး သင်္ကန်းကို ဆွဲချွတ်ပစ်တယ်။ ကိုယ်တွေ့ မြင်တွေ့ခဲ့ရတာပါ။ ကလေးကိုရင်လေးတွေဆိုတော့ သူတို့ပိုက်ဆံရလို့ အလှူခံရလို့ သူတို့ဟာသူတို့ စားချင်တဲ့မုန့်စား၊ ဆော့ချင်တာ ဆော့တာပေါ့နော်။ ဒီကိုရင်လေးကို သင်္ကန်းချွတ်ခိုင်းတာ မချွတ်ဘူးဆိုတော့ အဲဒီမှာ အုပ်ချုပ်တဲ့ အသက် ၄၅ နှစ်လောက်ရှိတဲ့ ယောက်ျားတယောက်က ကိုရင်လေးကို ရိုက်တယ်။ ဆောင့်ကန်တယ်။ မယ်သီလရှင်တွေလည်း သင်္ကန်းချွတ်ခိုင်းတယ်။ ကိုရင်လေးတပါးဆိုရင် ဆွမ်းခံလို့ပါလာတဲ့ ထမင်းတောင် စားခွင့်မပေးဘူးရှင့်။”

ကလေးထောင်က ကလေးအများစုဟာ ၁၂ နှစ်အောက် အရွယ်တွေဖြစ်ပြီး ပုံစံမျိုးစုံနဲ့ ဖမ်းဆီးခံရတာလို့လည်း ပြောပါတယ်။ အနေအထားမျိုးစုံနဲ့ အဖမ်းခံရတဲ့ ကလေးတွေကို အသက် ၁၀ နှစ်ကျော်ရင် ၂ သောင်း၊ ၅ နှစ်ကျော်ရင် ၅ ထောင် စသဖြင့် မိဘတွေက ရွေးကြရတယ်လို့လည်း ဆိုပါတယ်။ အသက် ၁၂ နှစ်ကျော်တဲ့ ကလေးတွေကို ကလေးစစ်သား စုဆောင်းရေးကို ပို့ဆောင်ခံရတယ်လို့လည်း ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒေါပုံမြို့နယ်ရဲစခန်းကို ဆက်သွယ်လို့မရခဲ့ပါဘူး။ ကမာရွတ်မြို့နယ် နာနတ်တောရဲစခန်းကို ဆက်သွယ်မေးမြန်းရာ ကလေးထိန်းသိမ်းရေးစခန်းမှာ ဖုန်းမရှိကြောင်းသာ ဖြေကြားပါတယ်။

# မြန်မာ့ကျောက်မျက် ဒဏ်ခတ်မှုအပေါ် ညွှန်ကြားချက် အသစ်ထုတ်ပြန်

**VOA ၊ ဧပြီ ၁၄ ။** ။ မြန်မာစစ်အုပ်စုငွေကြေးရနေမှုကို ဖြတ်တောက်ဖို့ ရည်စူးတဲ့ မြန်မာနိုင်ငံအတွက် ကျောက်မျက်ရတနာများမတင်သွင်းရ ဥပဒေနဲ့ ပတ်သက်ပြီး အဖွဲ့ဝင်ဆိုင်တွေကို ထပ်မံရှင်းလင်းညွှန်ကြားနေရတယ်လို့ အမေရိကန်နိုင်ငံကျောက်မျက်အသင်းက ကြေညာပါတယ်။

မနှစ် စက်တင်ဘာလမှာ အတည်ပြုခဲ့တဲ့ မြန်မာစစ်အုပ်စုရဲ့ ဒီမိုကရေစီဆန့်ကျင်မှုကြိုးပမ်းချက်ပိတ်ဆို့ခြင်းလို့ အမည်ပေးထားတဲ့ ၂၀၀၈ ခုနှစ် Jade ဥပဒေအရ မြန်မာနိုင်ငံထွက် ပတ္တမြား စတဲ့ကျောက်မျက်များ အမေရိကန်နိုင်ငံတွင်းကို မတင်သွင်းရလို့ပိတ်ပင်ထားခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံက တိုက်ရိုက်တင်သွင်းတာမဟုတ်ပဲ တခြားနိုင်ငံများကတဆင့် တင်သွင်းတာလား၊ မြန်မာနိုင်ငံထွက် ကျောက်မျက်များကို မွမ်းမံကာ လက်ဝတ်ရတနာလုပ်ထားတာလား၊ မြန်မာမဟုတ်တဲ့ တခြားနိုင်ငံကထွက်တဲ့ ကျောက်မျက်လားစသဖြင့် ဝယ်သူများက မေးမြန်းကြတာကို အတိအကျဖြေရှင်းနိုင်ဖို့အတွက် မတ်လက ညွှန်ကြားချက်ကိုထပ်မံဖြည့်စွက် ဖြေရှင်းညွှန်ကြားရတာဖြစ်တယ်လို့ အမေရိကန်ကျောက်မျက်အသင်းက ထုတ်ပြန်ရှင်းလင်းထားပါတယ်။

ဝယ်သူတချို့ကလည်း မြန်မာနိုင်ငံက ကျောက်မျက်များ ပိတ်ပင်ထားတာကို အထူးစိတ်ဝင်စားကြတယ်လို့ ဆိုပါတယ်။ ဒီအသင်းမှာ အမေရိကန်နိုင်ငံတဝန်း ကျောက်မျက်ရောင်းချတဲ့ စတိုးဆိုင်ကြီးပေါင်း ၁၁၀၀၀ ကျော်ပါဝင်ပါတယ်။

# ရခိုင်ကမ်းရိုးတန်းမုန်တိုင်းဝင်ရောက်နိုင်ဟုသတိပေး

**DVB ၊ ဧပြီလ ၁၆ ။** ။ ဒီနေ့မွန်းလွဲကစပြီး လာမယ့် ၇၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းတခု မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို ဝင်ရောက်နိုင်တယ်လို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြောပါတယ်။

လေတိုက်နှုန်း တနာရီကို ၄၈ မိုင်ကနေ ၆၃ မိုင် အထိရှိပြီး ရခိုင်ကမ်းရိုးတန်းနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကို ဦးတည်လာနေကြောင်း မိုး/ဇလဌာန အရာရှိတဦးက ပြောပါတယ်။

Today weather one 0:38 မုန်တိုင်းသတိပေးချက်တွေကိုလည်း မြန်မာ့ရုပ်မြင်သံကြားကနေ စာတန်းထိုး ထုတ်လွှင့်နေတယ်လို့ အဲဒီအရာရှိက ပြောပါတယ်။ Today weather two 0:19 ဒီလိုဆိုင်ကလုံးမုန်တိုင်းလာမှာကို မသိသေးဘူးလို့ ရခိုင်ပြည်နယ် စစ်တွေမြို့ခံ ပြည်သူတွေက ပြောပါတယ်။ အိမ်မှာရုပ်မြင်သံကြားမရှိတာကြောင့်လည်း ပါသလို သကြံန်တွင်း ပျော်ပါးနေကြချိန်မို့လည်းပါတယ်လို့ ဒေသခံတွေက ပြောပါတယ်။ Today weather three 0:27 ဧပြီ ၁၄ ရက်မှာ ဘင်္ဂလားပင်လယ်အော်အတွင်း စတင်ဖြစ်ပေါ်လာတဲ့ လေဖိအားနည်းရပ်ဝန်းဟာ ဆိုင်ကလုံးမုန်းတိုင်းအဖြစ် စတင်ဖြစ်ပေါ်လာတာပါ။

ဒီမုန်တိုင်းဟာ ၂၀၀၉ ခုနှစ်အတွက် ပထမဆုံးမုန်းတိုင်းပါ။ မနေ့တုန်းကတော့ အိန္ဒိယဘက်ကိုဝင်မယ်လို့ ခန့်မှန်းခဲ့ပေမယ့် ဒီနေ့မွန်းလွဲပိုင်းကစပြီး မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနဲ့ နယ်စပ်ဘက်ကို ဦးတည်လာတာလို့ မိုး/ဇလဌာန အရာရှိတဦးကပြောပါတယ်။ ဘိဂျလီလို့အမည်ပေးထားတဲ့ ဒီဆိုင်ကလုန်းမုန်တိုင်းဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဖြတ်ပြီး မြန်မာနိုင်ငံ ရခိုင်ပြန်နယ်၊ ချင်းပြည်နယ်နဲ့မြန်မာနိုင်ငံအလယ်ပိုင်းဒေသတို့ကို ဖြတ်ကျော်တိုက် ခတ်နိုင်တယ်လို့ အေဂျင်စီသတင်းတွေက ဖော်ပြပါတယ်။

# ရန်ကုန် မန္တလေး သင်္ကြန်အကြိုနေ့ ရေကစားမဏ္ဍပ်နဲ့ ဖျော်ဖြေပွဲများ စတင်

**VOA ၊ ဧပြီ ၁၃ ။** ။ နှစ်ဟောင်းကနေ နှစ်သစ်ကိုကြိုဆိုတဲ့ သင်္ကြန်ပွဲအကြို နေ့မှာ နေရာတော်တော်များများမှာ ရေစပြီးပက်နေကြပြီဖြစ်သလို စင်တင် ဖျော်ဖြေပွဲတွေနဲ့ ရေကစားမဏ္ဍပ်တွေလည်း သက်ဝင်စည်ကားနေပါတယ်။

ရန်ကုန်မြို့ထဲပိုင်းမှာ မဏ္ဍပ်ငယ်လေးတွေနဲ့ ရေပက်နေကြသလို မဏ္ဍပ်ကြီးတွေနဲ့စည်ကားတဲ့ အင်းလျားလမ်း ဆရာစံလမ်းတွေဘက်မှာလည်း ဒီနေ့ကစပြီး ရေတွေပက်နေကြပါပြီ။ ဒီနှစ်ကအရင်နှစ်တွေထက်ဘာများ ပိုပြီးထူးခြားပါသလဲ။ အင်းလျားလမ်းနဲ့ ကမ္ဘာအေးဘုရားလမ်းဘက်ကို ကားနဲ့ပက်ကြည့်ထားတဲ့ ရန်ကုန်သူတယောက်ကို မစုမြတ်မွန်က ဆက်သွယ်မေးမြန်းထားပါတယ်။

ဒီနှစ်တော့ဘယ်နားမှာ ပိုပြီးစည်ကားပါသလဲ။ တွေ့ခဲ့မြင်ခဲ့တာလေးတွေ ပြောပြပေးပါဦး။

“ထွက်တဲ့လူလည်းထွက်နေတာ၊ ပျော်တဲ့သူလည်းပျော်နေကြပြီပေါ့။ အင်းလျားလမ်းတောက်လျှောက်ပဲ စည်တာ၊ တက္ကသိုလ်ရိပ်သာလမ်းက အရင်တုန်းကဆိုရင် ကြိတ်ကြိတ်တိုး မင်းသားမင်းသမီးတွေဆိုလည်း မဏ္ဍပ်ထိုင်တာနဲ့တင် ပိုက်ဆံရကြတာလေ။ အဲလိုမျိုး မဏ္ဍပ်တွေတောင်ပြီးလုပ်မယ့်လူလည်းမရှိဘူး။ စပွန်ဆာလည်း မရကြတာလားမသိဘူး။ တက္ကသိုလ်ရိပ်သာလမ်းကတော့ လုံးဝဘာမဏ္ဍပ်မှကိုမရှိတာ။ အရင်နှစ်တွေတုန်းကဆို တက္ကသိုလ်ရိပ်သာလမ်းကလည်း ပြည့်ကျပ်ပြီးတော့မှ အင်းလျားလမ်းဘက်ကို တောက်လျှောက်သွားကြတာ။ အဲဒီ တက္ကသိုလ်ရိပ်သာလမ်းအခုတော့ ဘာမှမရှိဘူး။ အင်းလျားလမ်းမှာပဲ အပြည့်ပေါ့။ မဏ္ဍပ်တွေက ဆက်တိုက်ဆက်တိုက်။”

တက္ကသိုလ်ရိပ်သာလမ်းပေါ်မှာ ဘာမဏ္ဍပ်မှမရှိဘူးဆိုတော့ မဏ္ဍပ်က လုပ်ခွင့်မရတာလား၊ ဘာကြောင့်မရှိတာပါလဲ။

“မဏ္ဍပ်က လုပ်ခွင့်ပါမစ်ရတယ်။ ဒါပေမယ့်လည်း မလုပ်နိုင်ကြဘူးလို့ပြောတာပဲ။ ဘယ်သူမှမရှိဘူး။ သူငယ်ချင်းတောင် လုပ်မယ်ဆိုပြီးတော့မှ ပြန်ပြီးမလုပ်တော့တာပေါ့။ ပါမစ်ကတော့ ကျပြီးသားတဲ့။”

လုပ်ဖို့အခက်အခဲက ငွေရေးကြေးရေးအခက်အခဲရှိလို့လား၊ ဘယ်လိုအခက်အခဲရှိကြလို့လဲ။

“မဏ္ဍပ်တခုတခုဆောက်ဖို့ သိန်း ၇၀ ကနေ သိန်း ၁၅၀ ဆိုတော့လည်း လူတွေက မလုပ်ချင်ကြတာလည်း ပါမှာပေါ့နော်။”

အစိုးရမဏ္ဍပ်တွေရောတွေ့ရပါသလား။ ဘယ်မဏ္ဍပ်တွေ လုပ်တာတွေ့ရပါလဲ။

“အစိုးရမဏ္ဍပ်တွေက ကမ္ဘာအေး၊ အင်းလျားလမ်း၊ ဒီဘက်တပိုက်မှာတော့ မတွေ့ရဘူး။ မြို့တော်ဝန်မဏ္ဍပ်မှာတော့ရှိကောင်းရှိမှာပေါ့။ မြို့တော်ဝန်မဏ္ဍပ်ကတော့ ဒီလိုအကြိုညနေဆိုရင်တော့ ဖွင့်ပွဲတွေဘာတွေလုပ်နေကြပဲ။ မဏ္ဍပ်တွေက နည်းတော့ဟိုတကွက် ဒီတကွက်ပဲလူတွေက လိုက်ကြည့်ကြမှာပဲလေ။ သွားစရာက သုံးနေရာလောက်ပဲ ရှိမယ်ထင်တယ်။ ကမ္ဘာအေးဘုရားလမ်းရှိမယ်၊ အင်းလျားလမ်းရှိမယ်၊ ကန်တော်ကြီးမှာ ဇော်ဝင်းထွဋ်မဏ္ဍပ်ရှိမယ်။ ဒါပဲရှိမယ်။ နောက်ဆန်းမစ်ပ့ါခ်ပျူးမဏ္ဍပ်၊ အဲဒီနားကတော့ ကြီးကြီးကျယ်ကျယ်လို့တော့ ခေါ်လို့မရပါဘူး။ နေရန်ကုမ္ပဏီတွေက ထောင်တာ နှစ်ခုသုံးခုရှိတယ်။ အဲဒီလောက်ပဲ။”

သင်္ကြန်ဆိုရင် မပြစ်မနေပြောရမယ့် မန္တလေးမြို့မှာရော ဒီနှစ်သင်္ကြန်ဘယ်လောက်စည်ကားပါသလဲ။ မန္တလေးမြို့ထဲက သင်္ကြန်မဏ္ဍပ်တခုမှာ တီးခတ်ဖျော်ဖြေဖို့ ရောက်နေတဲ့ Lazy Club တီးဝိုင်းက ဂစ်တာသမား ကိုနိုင်ဇော်ကို ဒီနှစ်မန္တလေး သင်္ကြန်ရဲ့ ထူးခြားမှုဘာတွေ့ရလဲလို့ မေးကြည့်တော့ သူကအခုလို စဖြေပါတယ်။

“မန္တလေးမှာတော့ စည်ပါတယ်။ ကျုံးဘေးမှာလည်း မဏ္ဍပ်တွေအများကြီးပဲ။ ဒါပေမယ့်ကိုယ်တို့မဏ္ဍပ်ကတော့ မြို့ထဲမှာပေါ့။ ရတနာပုံရှော့ပင်းမောလ်ရှေ့မှာ။ အရင်တုန်းက စကိုင်းဝေါ်ခ်ရှိတဲ့ရှေ့မှာဆိုတော့ ကျုံးဘေးမှာမဟုတ်တဲ့ မဏ္ဍပ်ပေါ့။ အဲဒီတခုကတော့ ထူးခြားတယ်။ ကိုယ်လည်းမန္တလေးမှာ တီးဖူးသမျှနှစ်တိုင်း ကျုံးဘေးမှာပဲ တီးဖူးတယ်လေ။ ဒီတခေါက်တော့ ကျုံးဘေးမှာမဟုတ်ပဲ တီးရတယ်။

ထူးခြားတာက အဆိုတော် တော်တော်များများကလည်း မဏ္ဍပ်တွေက တာဝန်ခံပြီး မငှားဖြစ်ပဲ သူတို့ဘာသာမန္တလေးကိုတက်လာကြတယ်။ တက်လာပြီး တပွဲချင်းလိုက်ဆိုတာပေါ့။ ဒီနှစ်ရဲ့ထူးခြားမှုက အရင်တုန်းက မန္တလေးမှာ မဏ္ဍပ်ကြီးတွေကအဆိုတော်တွေကို စာချုပ်ချုပ်တာပေါ့။ ဒီသင်္ကြန်လေးရက်အတွက် ဘယ်လောက်ဆိုပြီး၊ အခုကျတော့ အဆိုတော်တွေက မဏ္ဍပ်အထိုင်မရတာများတယ်။ အဲတော့သူတို့က မန္တလေးကိုတက်လာကြပြီး သူတို့ဘာသာမဏ္ဍပ်တွေကို လိုက်ဆက်သွယ်တယ်။ ပြီးတော့ သူတို့တခါဆိုရင် ဘယ်လောက်ပေးရမယ်ဆိုပြီး အဲဒီပုံစံကတော့ ဒီနှစ်မှာထူးခြားတာပေါ့။

တီးဝိုင်းတွေကလည်းလည်နေကြတာပေါ့။ Metal Zone တီးဝိုင်းက မြို့တော်ခန်းမမှာ၊ Lazy Club က ရတနာပုံဈေးဟောင်းရှေ့၊ Diomand Plaza ရှေ့မှာရှိတယ်။ မန္တလေးက တီးဝိုင်းတွေလည်း အများကြီးပဲ။ ရန်ကုန်မှာက T Home ရှိတယ်။ Emperor မဏ္ဍပ်ရှိတယ်။ အဲပုဂံပေါ့။ The Tree ရှိတယ်။ IC က တောင်ကြီးမှာဆိုတော့ သူနဲ့တွဲဆိုမယ့် အဆိုတော် တော်တော်များများကလည်း တောင်ကြီးမှာပေါ့။”

---

# စီးပွားရေးကြောင့် လူငယ်တွေမပျော်နိုင်

**DVB ၊ ဧပြီလ ၁၂ ။** ။ ဒီနှစ်သင်္ကြန်မှာတော့ လူငယ်တွေ သင်္ကြန်ကာလအတွင်းမှာ အရင်နှစ်တွေကလို မပျော်ပါးနိုင်ကြပဲရှိနေပါတယ်။ ပြည်သူတွေကြားမှာ အထွေထွေစီးပွားရေးအကျပ်အတည်းတွေကို ရင်ဆိုင်နေကြရတာမို့ အပျော်အပါးအတွက် ငွေကြေးသုံးစွဲနိုင်သူ နည်းပါးလာရတာကြောင့် ဖြစ်ပါတယ်။

ဒီလိုနည်းပါးလာတဲ့အတွက် ရန်ကုန်မြို့မှာအရင်နှစ်တွေကလောက် မဏ္ဍပ်တွေ မများတော့ပုံကို ရန်ကုန်မြို့ခံတဦးက အခုလိုပြောပါတယ်။

“ငယ်ငယ်တုန်းကတော့ တော်တော်စည်ကားတယ်။ လည်တဲ့လူတွေများသလို ရေပက်တဲ့လူတွေလည်း များတယ်။ ခုတော့ စီးပွားရေးကျပ်တာလည်း ပါမယ်ထင်တယ်။ မဏ္ဍပ်တွေ တော်တော်နည်းသွားတယ်။ အင်းလျားလမ်းလိုနေရာမျိုး ရန်ကင်းလိုနေရာမျိုး ကွက်တိကွက်ကျားမဏ္ဍပ်တွေက သွားပြီးစတယ်။ အရင်လို ရပ်ကွက်တိုင်း၊ လမ်းတိုင်းနီးပါး မဏ္ဍပ်ကြီးတွေမရှိဘူး။”

စီးပွားရေး အဆင်မပြေမှုတွေကြောင့် ရန်ကုန်မြို့ခံလူငယ်တွေလည်း အသုံးအဖြုန်းလျှော့လာကြပြီး ရေကစားမဏ္ဍပ်လက်မှတ်ရောင်းအားတွေပါ အရင်နှစ်တွေထက် ထိုးကျသွားတယ်လို့ နှစ်စဉ်ရေကစားမဏ္ဍပ်ဆောက် လုပ်နေတဲ့ လူငယ်တဦးက အခုလိုပြောပါတယ်။

“စီးပွားရေးကြောင့်လားတော့မသိဘူး၊ ဒီနှစ်မဏ္ဍပ်ထိုင်တဲ့လူနည်းတယ်။ အင်းလျားလမ်းမှာရှိတဲ့ မဏ္ဍပ်တွေအကုန်လုံး အရောင်းပါးကြတယ်။ ရေပက်ခံကားက ကျနော်တို့က ကားမလုပ်တော့မသိဘူး။ ဒီဘက်က ရှိသမျှမဏ္ဍပ်တွေ အကုန် အရောင်းပါးကြတယ်”။

အရင်နှစ်တွေကဆိုရင် လူငယ်တွေဟာ သင်္ကြန်ဖက်ရှင် ဒီဇိုင်းမျိုးစုံနဲ့ ရေပက်ခံထွက်လေ့ရှိကြပြီး လူလုံးပြကြလေ့ရှိပေမယ့် ဒီနှစ်မှာတော့ သင်္ကြန်ဖက်ရှင်လုပ်နိုင်သူတွေ နည်းသွားပုံကို “လူတွေက မနည်းရုန်းကန်နေရတော့ အဝတ်အစားတွေ ဝယ်ရင်တောင်မှ အရင်နှစ် သင်္ကြန်တွေဆိုရင် ၅ ရက်ဆို ၅ ရက်စာ ၅ ထည် ၁၀ ထည်မျိုးဝယ်ကြတာ၊ အခုတော့ တစုံတောင် အနိုင်နိုင်ဝယ်နေရတယ်။ ကလေးတွေက ပိုက်ဆံမှသိပ်မရှိကြတာ” လို့ ကိုကိုဗျူးတီးဆလွန်းက အလှဖန်တီးရှင် ကိုကိုက ပြောပါတယ်။ ဒီနှစ်သင်္ကြန်မှာ အရင်နှစ်တွေကလို မဟုတ်ဘဲ အပျော်အပါးအတွက် လူငယ်တွေ ငွေသုံးစွဲနိုင်မှု လျော့လာတာမို့ အစစအရာရာ ချွေတာနေရတယ်လို့ ရန်ကုန်မြို့ခံ လူငယ်တွေက ပြောပါတယ်။

# ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများ ရိုးရာနှစ်သစ်ကူးပွဲဆင်နွှဲ

**RFA ၊ ဧပြီ ၁၇ ။** ။ ဧပြီလ ၁၇ ရက်နေ့မှာကျရောက်တဲ့မြန်မာနှစ်ဆန်းတရက်နေ့မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီး မြန်မာလုပ်သားအများဆုံးနေထိုင်တဲ့မဟာချိုင်ဒေသမှာ မြန်မာတွေစုပေါင်းပြီး ရိုးရာယဉ်ကျေးမှုနဲ့အညီ အလှူဒါနဆွမ်းလောင်းပွဲတွေပြုလုပ်ခဲ့ကြပါတယ်။

နေ့လယ်ပိုင်းမှာတော့ မဟာချိုင်ဒေသမှာရှိတဲ့ ဆုတောင်းပြည့်စေတီမှာ မြန်မာနိုင်ငံသားတွေဟာ စေတီတော်ရင်ပြင်သန့်ရှင်းရေး၊ ဘုရားဆင်းတုတော်ရေသပ္ပါယ်တာတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒ့ါအပြင် ထိုင်းဘုန်းကြီးကျောင်းတွေမှာလည်း ဆွမ်းလောင်းပွဲတွေ အလှူအတမ်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ ညပိုင်းမှာတော့ ဆုတောင်းပြည့်စေတီမှာ မြန်မာလုပ်သားတွေစုပေါင်းဖွဲ့ထားတဲ့ ဝတ်အသင်းတွေက ဓမ္မစကြာပရိတ်တရားတွေ ရွတ်ဖတ်ပူဇော်ပြီး မြန်မာဘုန်းတော်ကြီးများက တရားချီးမြှင့်ကြမှာပါ။

ဒီကနေ့အလှူပြုလုပ်ကြတဲ့မြန်မာတွေကို ထိုင်းရဲတွေက အဖမ်းအဆီးတစုံတရာမရှိဘူးလို့ မဟာချိုင်မှာအလုပ်လုပ်နေသူတဦးဖြစ်တဲ့ ကိုဝင်းဝင်းဇော်က ပြောပါတယ်။

“မဟာချိုင်မှာတော့ အခြေအနေ အတော်ကောင်းပါတယ်ခင်ဗျ၊ အရမ်းလွတ်လပ်တယ်ခင်ဗျ၊ မုန့်ကျွေးတယ်၊ သင်္ကြန်ရေပက်တယ်၊ မိုးချုပ်ရင် ဒီမှာ အလှူရှိတယ်၊ မြန်မာပြည်သားတွေကို အကုန်လုံးလိုက်ဖိတ်ထားတယ်၊ မိုးချုပ်ရင်လာခဲ့ပါ၊ ဘုရားမှာ အကျွေးအမွေးရှိတာပေါ့၊ မြန်မာသီချင်းတွေဖွင့်ထားတယ်၊ ထမင်းကျွေးတဲ့နေရာမှာလည်း အများကြီးတွေ့ရတယ်၊ ဆွမ်းလောင်းတဲ့နေရာမှာဆိုရင် မနက် ၈ နာရီကတည်းက စလောင်းတာ၊ အများကြီးပဲ၊ လူတွေ ထောင်နဲ့ချီပြီးတော့ ပြည့်နေတာပဲ၊ လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှားနေကြတယ်၊ လုံခြုံရေးတွေ အများကြီးချထားပေးတယ်ခင်ဗျ၊ ပုလိပ်မဖမ်းဘူး”။

သင်္ကြန်ကာလအတွင်း ထိုင်း ဘုန်းကြီးကျောင်းမှာ မြန်မာလုပ်သားတွေ စုပေါင်းပြီး ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်ကြပါတယ်။ ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားတွေဟာ ဒီနှစ်သင်္ကြန်ကာလအတွင်းမှာ အလုပ်နားချိန် သင်္ကြန်ရေဆော့ကစားတာထက် တရားစခန်းဝင်ပြီး နားရက်တွေမှာ တရားအားထုတ်တာများကြတယ်လို့ မဟာချိုင်နယ်ခံတွေက ပြောပါတယ်။ ဒီသင်္ကြန်တွင်း မြန်မာဘုန်းတော်ကြီးက တရားပြပေးတဲ့ တရားစခန်းမှာ ဧပြီ ၁၃ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ တရားအားထုတ်နိုင်တဲ့ အမျိုးသမီး အမျိုးသားယောဂီ တရားစခန်းတွေကို ဖွင့်လှစ်ပေးထားတယ်လို့ သိရပါတယ်။

အခုလိုနှစ်သစ်ကူးကာလမှာ ထိုင်းနိုင်ငံရောက်နေပြီး မြန်မာ့ရိုးရာအစဉ်အလာအတိုင်း လှူဒါန်းခွင့်ရပေမဲ့ မြန်မာပြည်ကို သတိရမိတယ်လို့ ကိုဝင်းဝင်းဇော်က ပြောပြပါသေးတယ်။

“ကိုယ့်မြန်မာပြည်မှာဆိုရင် အရမ်းပျော်ဖို့ကောင်းမှာပဲလို့တော့ စဉ်းစားမိတာပေါ့နော်၊ နှစ်သစ်ကူးတဲ့အချိန်ဆိုရင်တော့ မြန်မာပြည်ကို ပိုပြီးသတိရတာပေါ့နော်၊ ဒီမှာ ဒီလိုမျိုးလုပ်ရတော့ ပျော်ဖို့လည်းကောင်းပါတယ်၊ ဘုရားနဘေးမှာ ထိုင်ပြီးတော့ အကုန်လုံး ရွှေရင်အေးတို့ မုန့်တို့ အကျွေးအမွေးတွေ တော်တော်လုပ်ကြတယ်။ တော်တော်များများဟာ မိုးချုပ်ရင် အရမ်းစည်တာပဲ၊ ဘုရားမှာ လူတွေ ပြည့်ကျပ်နေတာပဲ“။

ထားဝယ်၊ မွန်၊ ဗမာ ပြောင်းရွှေ့လုပ်သားတွေ သိန်းချီနေထိုင်တဲ့ မဟာချိုင်မှာ ပြီးခဲ့တဲ့နှစ်တုန်းက ထိုင်းအာဏာပိုင်တွေက မြန်မာပြည်သားတွေ ဘာသာရေး၊ အလှူပွဲတွေ မပြုလုပ်ဖို့ လူစုလူဝေးနဲ့ မကျင်းပဖို့ ပိတ်ပင်တားဆီးခဲ့ပါတယ်။ ဒီနှစ်မှာတော့ ထိုင်းနိုင်ငံ ဘန်ကောက်မှာ အရေးပေါ်အခြေအနေတည်ရှိနေပေမဲ့ မဟာချိုင်မှာတော့ မြန်မာတွေ အလှူအေးအေးချမ်းချမ်းပြုလုပ်နိုင်ခဲ့ပါတယ်။

---

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**


AIR MAIL

**To**

**PRINTED MATTER**